ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ သောကြာနေ့၊ (6-5-2011) (၆၇၅၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❂ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❂ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မေ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

၆-၅-၂၀၁၁
(သောကြာနေ့)

မီးဘေးကာကွယ်ရေးတွင် ပြည်သူတိုင်း ပါဝင်

သဘာဝဘေးအန္တရာယ်များတွင် မီးဘေးအန္တရာယ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ရာသီဥတု ပူပြင်းခြောက်သွေ့ချိန်များတွင် ပိုမိုဖြစ်ပွားတတ်သည်။ မီးဘေးအန္တရာယ်ကြောင့် လူအများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုမရှိစေရေး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရပေမည်။ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် မီးသတ်တပ်ဖွဲ့များနှင့်အတူ ပြည်သူတိုင်းက မီးဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် အများပြည်သူ မီးဘေးကျရောက်မှု လျော့နည်းကျဆင်းရေးကို အလေးထားသည်။ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ထိရောက်လျင်မြန်စွာ ကူညီကယ်ဆယ်ရေး၊ ခေတ်နှင့်အညီ နည်းပညာ၊ အတတ်ပညာတို့ကို ဖြည့်ဆည်းပေးနေပြီ။ **“မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်”** ဆောင်ပုဒ်နှင့်အညီ မီးဘေးကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားပါက အလျင်အမြန်သိရှိကာကွယ် ထိန်းသိမ်းနိုင်ခြင်းဖြင့် ဆုံးရှုံးမှုပမာဏ လျော့နည်းစေမည် ဖြစ်သည်။ နည်းပညာနှင့် စွမ်းရည်မြင့်မားသည့် မီးသတ်ယာဉ်များ လုံလုံလောက်လောက်ရှိရန် လိုအပ်သကဲ့သို့ ပြည်သူများကလည်း ပူးပေါင်းကူညီကြရန် လိုအပ်သည်။ မီးလောင်မှုဖြစ်ပွားလျှင် သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနများသို့ အမြန်အကြောင်းကြားခြင်း၊ မီးလောင်ရာသို့ မြန်မြန်သွားရောက်နိုင်ရေး၊ လမ်းကြောင်းညွှန်ပြခြင်း၊ မီးသတ်ကားလမ်းကြောင်းတွင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ လာရောက်ကြည့်ရှုသည့်လူများဖြင့် ပိတ်ဆို့မနေစေရေး ဝိုင်းဝန်းရှင်းလင်းပေးခြင်းတို့သည် ထိရောက်သော ကူညီလုပ်ဆောင်မှုများဖြစ်သည်။

မီးဘေးကြိုတင်ကာကွယ်ရေးသည် လူတိုင်းနှင့် သက်ဆိုင်သဖြင့် မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာနေသူများ၊ စက်ရုံ၊အလုပ်ရုံများ၊ ဈေးများမှ ပြည်သူများအပိုင်းက သိရှိလိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။ အဆောက်အအုံ၊ နေအိမ်တိုင်း မီးသတ်ဆေးဘူးများ လုံလောက်စွာထားခြင်း၊ ဈေးများပတ်လည်တွင် ရေဂါလန် သောင်းကျော်ဆံ့သည့် ရေကန်များတည်ဆောက်ခြင်း၊ ဈေးအတွင်း ရေပိုက်များသွယ်တန်းခြင်း၊ ရေငုတ်များထားရှိခြင်း၊ မီးဘေးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ လှည့်လည်စစ်ဆေးခြင်းတို့ကို တိတိကျကျ လုပ်ဆောင်ကြရပေမည်။

မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးကြောင့် ဖြစ်ပွားခြင်းသည် မီးလောင်မှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော် ရှိသည်။ ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို အောက်ခံခွက်မပါဘဲ ထွန်းခြင်း၊ ဂက်စ်ကားပေါ်တွင် ဆေးလိပ်သောက်ခြင်း၊ မီးအားထိန်းကိရိယာချွတ်ယွင်းနေခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း၊ မီးကြွင်းမီးကျန် မငြိမ်းသတ်ဘဲအိပ်ခြင်း စသည်တို့ကြောင့် မီးလောင်မှုများ ဖြစ်တတ်သည်ကို တွေ့ရသည်။ သက်ဆိုင်ရာတို့က မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး စစ်ဆေးကြပ်မတ်နေကြသော်လည်း သိရှိလိုက်နာမှုအားနည်းနေဆဲဖြစ်သည်။

မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့များသာမက ပြည်သူလူထုအပိုင်းကလည်း အသိရှိရှိ ပူးပေါင်းပါဝင်လုပ်ဆောင်ကြရပေမည်။ပြည်သူတိုင်းက သတ်မှတ်ထားသည့် မီးသတ်ဥပဒေနှင့်အညီ စနစ်တကျ လိုက်နာကျင့်သုံးခြင်း၊ မီးဘေးကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြခြင်းဖြင့် မြို့ရွာကျေးလက်တစ်ခွင် မီးဘေးအန္တရာယ်ကင်းစင်နိုင်မည် ဖြစ်ပါသည်။ ။

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

“ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း”

“ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား”

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် (၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီး ဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ တိုင်းရင်းဆေးရုံ စစ်ဆေး

နေပြည်တော် မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၃ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ တိုင်းရင်းဆေးရုံ တိုးချဲ့လူနာဆောင် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်နှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းကျွမ်းကျင်ရေး၊ ဆေးရုံသန့်ရှင်းသာယာလှပရေး၊သန့်(၄)သန့်ဆောင်ရွက်ရေးတို့ကို မှာကြားကာ တိုင်းရင်းဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အဆောက်အအုံများ ပြုပြင်ဆောက်လုပ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ တိုင်းရင်းဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဒက္ခိဏသီရိမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၅

နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေစပါးစိုက်ပျိုးမှု လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေး၊ နည်းစနစ်မှန်ကန်စွာဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးတို့အတွက် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်သည် ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ရပ်မိရပ်ဖများ၊ နွေစပါးစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နွေစပါးစိုက်ပျိုးမှု၊ မြေပြုပြင်မှု၊ စိုက်ပျိုးရေရရှိမှုနှင့် မျိုးကောင်းမျိုးသန့်ရွေးချယ်၍ စိုက်နည်းစနစ် မှန်ကန်စွာ စိုက်ပျိုးနိုင်မှုတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာအနီး ဒက္ခိဏသီရိမြို့နယ် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ကျားကူး (ချောင်းပိတ်ဆည်) တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုနှင့် ချိုင်းကျေးရွာအုပ်စုတို့ရှိ နွေစပါးစိုက်ဧကများသို့ စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသော ငလိုက်ဆည် DY-2 တူးမြောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေပေးတူးမြောင်းကြံ့ခိုင်မှုရှိရေး၊ မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး၊ လေလွင့်မှုမရှိစေဘဲ ရေကို အချိုးညီစွာ ခွဲဝေအသုံးပြုနိုင်ရေး စသည်ဖြင့် ဆွေးနွေးမှာကြားကာ ချိုင်းကျေးရွာအုပ်စုရှိ တောင်သူဦးလှမြင့်၏ နွေစပါးအတန်းလိုက် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒက္ခိဏသီရိမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန် ၉၀၅ ဧက လျာထားခဲ့ရာ ၆၄၄ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ရာသီချိန်အမီ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော် ကောင်စီဝင် ဦးသန်းအောင် ဒက္ခိဏသီရိမြို့နယ် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ကျားကူး (ချောင်းပိတ်ဆည်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ပြည်ပသို့ သစ်အချောထည် ပစ္စည်းများတင်ပို့ခြင်းအပေါ် အဆင်ပြေချောမွေ့စေရန်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်သည့် နှီးနှောဖလှယ်ပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ၌ ကျင်းပမည်ဖြစ်ပြီး Emerging Market Requirement Challenges and Opportunities for Myanmar's Timber Industry ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများသည် မေ ၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉ နှင့် ၂၁၄၈၄၀ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဦးကြည်လွင်-ဒေါ်ဝါဝါ၊ သား ဒုတိယဗိုလ်မှူးကြီး အောင်သန့်-ဇနီး ဒေါ်နန်းသဲသဲအောင်၊ သားသမက် ဗိုလ်ကြီး မျိုးမွန်ထွန်း-သမီးငယ် မကြည်နန္ဒာစု မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ မေ ၁၂ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၅

"သာတူညီမျှပြုစုရေး၊ ချိန်ခါမရွေးဆောင်ရွက်ပေး၊ ကွာဟမှုတွေမရှိဖို့ သူနာပြုများကြိုးပမ်းစို့" ဆောင်ပုဒ်နှင့်အညီ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းက ကြီးမှူး၍ မေ ၁၂ ရက်တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် သူနာပြုတက္ကသိုလ်နှင့် သူနာပြုသားဖွားသင်တန်းကျောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆေးရုံကြီးများမှ အသင်းဝင် သူနာပြုသုံးဦးတို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများ၌ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ (သတင်းစဉ်)

ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၅

ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်ဖြစ်သည်နှင့်အညီ စပါးစိုက်ပျိုးနိုင်သောနေရာ၌ ငါး၊ ပုစွန်ကန်များ မွေးမြူမှုကို ခွင့်ပြုချက်မရဘဲ မွေးမြူလိုပါက စပါးစိုက်ပျိုး၍ မရသော ချိုင့်ဝှမ်းများ၊ ဆင်ခြေလျှောများတွင်သာ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးမှ ဧပြီလအတွင်းက အဆိုပါ အထူးဇုန်၌ ကျင်းပခဲ့သော လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြား သည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်၌ ကုမ္ပဏီ ၁၈ ခုတို့က ရာသီသီးနှံများကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဇုန်အမှတ်(၁)သည် ဧရိယာ ၃၆၀၃ ဧကရှိပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဇုန်အမှတ်(၂)သည် ဧရိယာ ၆၇၇၀ ဧက ရှိသည်။

နိုင်ငံတော်မှ ရေရရှိရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးထားသည့်အပြင် ကုမ္ပဏီလုပ်ငန်းရှင်များကလည်း ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုဆောင်ရွက်လျက်ရှိသဖြင့် ပထမသီးနှံအဖြစ် မိုးစပါး၊ ဒုတိယသီးနှံအဖြစ် နွေစပါးနှင့် ပဲမျိုးစုံ၊ တတိယသီးနှံအဖြစ် နွေစပါးတို့ကို အောင်မြင်စွာ သီးထပ်စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

[မောင်မောင်ထွေး]

သတ္တမအကြိမ် မြန်မာအိုင်စီတီပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် သတ္တမအကြိမ် မြန်မာအိုင်စီတီပြပွဲကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် သတင်းအချက်အလက်နှင့် အိုင်စီတီနည်းပညာဆိုင်ရာပစ္စည်းများ၊ ကွန်ပျူတာနှင့် မိုဘိုင်းနည်းပညာပစ္စည်းများကို ရောင်းချသွားမည်ဖြစ်ရာ အိုင်တီနှင့် မိုဘိုင်းနယ်ပယ်မှ ပါဝင်ပြသလိုသူ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းသို့ ဆက်သွယ်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

[ရီရီမြင့်]

ကွင်းဆင်းကြီးကြပ်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် တောင်စက်ရုံလမ်း၌ အမှိုက်ကားဖြင့် အမှိုက်များသိမ်းဆည်းမှုကို ဧပြီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြီးကြပ်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အရိယာစိတ်အသွင်ဖြစ်ပျက်မြင်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်းဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၃)**
၈း၄၅	Legendary Journey Live at Singapore (Part-4)
၉း၄၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း-၁)
၁၀း၀၅	Activities In The City (ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ တေဇာရာမဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်း RC နှစ်ထပ်စာသင်ဆောင်ဖွင့်ပွဲ)
၁၀း၁၅	တစ်တိုင်ဆီမီးမှသည်. . .
၁၀း၃၀	ဖက်ရှင်လမ်းညွှန် (EMO & GOTHIC FASHION)
၁၁း၀၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တေဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၁၅	Activities In The City [ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၅၉)နှစ်မြောက်အထိမ်းအမှတ် အခမ်းအနား]
၁၁း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	သင်ယူလေ့လာဂီတပညာ (Audio Mastering Module-1)
၁၂း၁၅	ဂါရဝဖြင့် ဦးညွှတ်ချီ မြတ်ဆရာများ၏ ကျေးဇူးဂုဏ်အင် (မိုးကုတ်ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏အာစရိယပူဇော်ပွဲ)
၁၂း၃၅	သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABC အစွမ်း
၁း၀၀	"အရိယာစိတ်အသွင်ဖြစ်ပျက်မြင်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်းဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၅)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၃)**
၅း၀၅	"အမေများအတွက်အကြို လှုပ်ရှားမှုပုံရိပ်"
၅း၃၀	MNL Preview
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၆)**
၇း၁၅	Legendary Journey Live at Singapore (Part-5)
၈း၀၀	MRTV-4 သတင်း
၈း၃၀	အဘိုးအဘွားများအေးချမ်းစွာ နားခိုရာချမ်းမြေ့သာယာစံတော်သာ
၈း၅၅	"မိုးဇက်"ဒီနေ့နဲ့မနက်ဖြန်
၉း၁၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၄)**
၁၀း၂၀	Science For All (မြေငလျင်လှုပ်ခတ်သောအခါ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၄၀	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင်ဓာတုလျှော့ချ သုံးစွဲကြ. . . (အင်းလေး)
၁၁း၁၀	VJ Choice
၁၁း၃၅	မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
၁၂း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့်တွေ့ဆုံခြင်း)
၁၂း၂၀	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၂း၃၅	World of Knowledge (Ultimate Disaster-TORNADO)
၁း၂၅	ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့
၁း၄၅	Box Office Movies (Star Trek)
၂း၁၀	လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
၂း၁၅	Celebrity Profile (Rain)
၂း၄၅	လူဖြစ်ရှုံးပါပြီကွာ (ရုပ်ရှင်သရုပ်ဆောင်များ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
၂း၅၀	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၂း၅၅	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၄း၂၅	ဒို့တိုင်းဌာနီဧရာဝတီ (ရာဘာ၊ ပုလော၊ သဘော်၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၄း၅၀	ကလောမှာထင်ရှား "ရွှေဥမင်"ဘုရား
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂါဇာ၌ ပထမအကြိမ် မာရသွန်အပြေးပြိုင်ပွဲ ကုလသမဂ္ဂအေဂျင်စီ ကမကထပြုကျင်းပ

ဂါဇာ မေ ၅

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ(အင်န်ရွာ)က ကမကထပြု ကြီးမှူးကျင်းပသော မာရသွန်အပြေးပြိုင်ပွဲ၌ ပါလက်စတိုင်း အပြေးသမား ၁၅၀၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသ၌ မာရသွန်အပြေးပြိုင်ပွဲ ကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းအပြေးပြိုင်ပွဲကို မေ ၅ရက် အရုဏ်တက်ချိန်တွင် စတင်ကျင်းပခဲ့သည်။

မာရသွန်အပြေးပြိုင်ပွဲအတွက် သတ်မှတ်ထားသော လမ်းကြောင်းမှာ ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံးနှင့် အကျုံးဝင်လျက်ရှိသည်။ ဂါဇာကမ်းမြောင် မြောက်ဘက်ရှိ ဘိတ်ဟာနူးမြို့မှ အီဂျစ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသရှိ ရာဖာမြို့အထိ လမ်းကြောင်းသတ်မှတ်ပေးထားသည်။

ဂါဇာမာရသွန်ပြိုင်ပွဲ၌ ဂါဇာကမ်းမြောင်ဒေသမှ အိုလံပစ်ပြေးခုန်ပစ် အားကစားသမားအချို့လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဂါဇာကမ်းမြောင်ရှိ ကျောင်းသူ၊ ကျောင်းသားကလေးများ၏ နွေရာသီအားကစားပြိုင်ပွဲအတွက် ရန်ပုံငွေရှာဖွေပေးနိုင်ရန် အဆိုပါ ကုလသမဂ္ဂအေဂျင်စီက မာရသွန်အပြေးပြိုင်ပွဲကို စီစဉ်ကျင်းပခြင်းဖြစ်သည်။ **အင်တာနက်။**

ဂါဇာကမ်းမြောင်ဒေသ၌ ပထမဆုံးအကြိမ် မာရသွန်အပြေးပြိုင်ပွဲ ကျင်းပစဉ်။

ဂျပန်နိုင်ငံရှိ ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ ထိန်းချုပ်ခန်းမကို တွေ့ရစဉ်။

ဖူကူရှီးမားဓာတ်ပေါင်းဖို အဆောက်အအုံအတွင်း အလုပ်သမားများ ပထမဆုံးအကြိမ် ဝင်ရောက်

ဆန်ဒိုင်း မေ ၅

ဂျပန်နိုင်ငံ၌ မတ်လက မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်း ရိုက်ခတ်မှုတို့ ပေါ်ပေါက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၏ အမှတ်(၁) ဓာတ်ပေါင်းဖို အဆောက်အအုံအတွင်းသို့ အလုပ်သမားများ ဝင်ရောက်ခဲ့ကြကြောင်း မေ ၅ရက်သတင်းတွင် ဖော်ပြသည်။

ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကျရောက်ခဲ့သော ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံ၏ ဓာတ်ပေါင်းဖို အဆောက်အအုံအတွင်း လေသန့်စင်ရေးစက် ခြောက်လုံးတပ်ဆင်မည့် စီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်ရန် အလုပ်သမားများ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ဓာတ်ပေါင်းဖိုအဆောက်အအုံအတွင်း လေသန့်စင်ရေးစက်များ တပ်ဆင်ခြင်းဖြင့် ယင်းအဆောက်အအုံအတွင်းရှိ လေထဲမှ အိုင်ဆိုတုပ်များကို စုပ်ယူပေးနိုင်မည်ဖြစ်ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဓာတ်ပေါင်းဖိုအဆောက်အအုံအတွင်း ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်လှိုင်း မသင့်ရောက်စေရန် အလုပ်သမားများကို အဆိုင်းများခွဲကာ လုပ်ကိုင်စေမည်ဖြစ်သည်။ **အင်တာနက်။**

အိန္ဒိယရဟတ်ယာဉ်ပျက်မှ ပြည်နယ်ဝန်ကြီးချုပ်အလောင်းတွေ့ရှိ

နယူးဒေလီ မေ ၅

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်ခြေရှိ ထူထပ်သော တောအုပ်အတွင်းသို့ ဧပြီ ၃၀ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ယင်းရဟတ်ယာဉ် အပျက်အစီးများအတွင်းမှ အရှေ့မြောက်ပိုင်း အရူနာချာပရာဒက်ချ်ပြည်နယ် ဝန်ကြီးချုပ်၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီး ပါလာနီယာပန်ရှီဒန်ဘာဒန်က ဝန်ကြီးချုပ် ဒေါ်ဂျေးခန္ဒူ၏အလောင်းကို ပြည်နယ်မြို့တော် အီတာနာဂါသို့ သယ်ဆောင်သွားပြီဖြစ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။ **အေပီ။**

တောင်ကိုရီးယားတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ

ဆိုးလ် မေ ၅

တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ရှိ ပင်လယ်ကမ်းခြေတွင် မေ ၅ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ယင်းရဟတ်ယာဉ်မှာ တောင်ကိုရီးယား သစ်တောဌာနက ပိုင်ဆိုင်သော ရဟတ်ယာဉ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံမြောက်ပိုင်း ဂန်ဝန်ပြည်နယ် ဆိုဂွန်းမြစ်အနီးတွင် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၃၂မိနစ်ခန့်က ရဟတ်ယာဉ်ပျက်ကျခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မှူးနှစ်ဦး လိုက်ပါလာခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ သတင်းထုတ်ပြန်သည်။

ကယ်ဆယ်ရေးအဖွဲ့က ယင်းနေရာတွင် အရေးပေါ်ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင် ပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရတ်တွင် အသေခံကားပုံးဖောက်ခွဲ ၁၅ဦးသေဆုံး၊ ၆၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံအလယ်ပိုင်း ဟီလာမြို့တွင် မေ ၅ရက် နံနက်ပိုင်းက အသေခံကားပုံးဖောက်ခွဲမှုဖြစ်ပွားရာ ၁၅ ဦး သေဆုံး၍ ၆၀ဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်မှ ကီလိုမီတာ ၉၀ကွာဝေးသော ဘေဘီလုံပြည်နယ် မြို့တော်ဟီလာ၌ ရဲတပ်ဖွဲ့ဝင်များ နံနက်ပိုင်း တာဝန်ထမ်းဆောင်နေချိန်တွင် ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသောကားကို ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြသည်။ အနီးအနားရှိကားအချို့နှင့် ဆိုင်အချို့ပါ ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည်။ ထိုနေရာကို ရဲတပ်ဖွဲ့က ဝိုင်းဝန်းပိတ်ဆို့ကာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်ဟု ဆိုသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်နှင့် အခြားမြို့များတွင် လုံခြုံရေးသတိရှိနေသည့်ကြားမှပင် တိုက်ခိုက်မှုများ တိုးပွားလာလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂရုတစိုက်ထားရှိခြင်း မရှိသောကြောင့် ၂၀၁၀ ခုနှစ်အတွင်း သေဆုံးခဲ့သော ယူကရိန်းနိုင်ငံ ကီယက်ဗ်တိရစ္ဆာန်ဥယျာဉ်မှ အသက်(၃၉)နှစ်သားအရွယ်ရှိ အိန္ဒိယဆင်တစ်ကောင်ကို တွေ့ရစဉ်။

ကီယက်ဗ်တိရစ္ဆာန်ရုံ အုပ်ချုပ်ရေးမှူးဟောင်း ကိုယ်ကျိုးရှာမှုဖြင့် စုံစမ်းစစ်ဆေးခံရ

ကီယက်ဗ် မေ ၅

မကြာသေးမီနှစ်များအတွင်း တိရစ္ဆာန်ပေါင်းများစွာတို့ သေဆုံးခဲ့ခြင်း သို့မဟုတ် ထူးဆန်းစွာ ပျောက်ကွယ်ခြင်းများ ဖြစ်ပွားခဲ့ရသော ကီယက်ဗ်တိရစ္ဆာန်ဥယျာဉ်၏ အကြီးအကဲဟောင်းကို ယူကရိန်း တရားရေးတာဝန်ရှိသူများက ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကီယက်ဗ်တိရစ္ဆာန်ရုံအကြီးအကဲဟောင်း ဆဗက်လာနာ ဘာဇီနာသည် အပြည့်အဝ အကောင်အထည်ဖော်မှုမရှိသော စီမံကိန်းများကို ခွင့်ပြုခဲ့ခြင်းဖြင့် အမေရိကန်ဒေါ်လာ ၄၇၀၀၀ အား ကိုယ်ကျိုးအတွက် ရယူခဲ့သည်ဟု သံသယဖြစ်ရကြောင်း တရားရေးတာဝန်ရှိသူများက ပြောကြားသည်။

ကီယက်ဗ်တိရစ္ဆာန်ရုံရှိ တိရစ္ဆာန်ထက်ဝက်နီးပါးခန့် သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ရပြီးနောက် ဘာဇီနာကို ၎င်း၏ရာထူးနေရာမှ လွန်ခဲ့သောနှစ်က ထုတ်ပယ်ခဲ့ရသည်။

တိရစ္ဆာန်များ သေဆုံးရမှုသည် ဂရုတစိုက်ထားရှိမှုမရှိခြင်းကြောင့်ဖြစ်ပြီး အချို့ရှားပါးတိရစ္ဆာန်များမှာ စုဆောင်းသူများလက်သို့ ရောင်းချခံခဲ့ရကြောင်း ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။

တိရစ္ဆာန်များနှင့် ပတ်သက်ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကြောင့် ကီယက်ဗ်တိရစ္ဆာန်ရုံကို ပိတ်ပစ်ရန် နိုင်ငံတကာ တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့များက ကာလအတန်ကြာကပင် တောင်းဆိုခဲ့ကြသည်။ **အင်တာနက်။**

ဗြိတိန်လေယာဉ်မှူး ရုပ်အလောင်း မြောက်ကိုရီးယားနိုင်ငံက ပြန်လည်လွှဲပြောင်းပေးအပ်

ပန်မွန်ဂျုံ မေ ၅

၁၉၅၀ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ကိုရီးယားကျွန်းဆွယ်စစ်ပွဲကာလအတွင်း လေယာဉ်ပစ်ချခံရမှုကြောင့် သေဆုံးခဲ့ရသော ဗြိတိသျှလေယာဉ်မှူးတစ်ဦး၏ ရုပ်အလောင်းအကြွင်းအကျန်များကို မြောက်ကိုရီးယားနိုင်ငံက ဗြိတိန်နိုင်ငံသို့ မေ ၄ ရက်က ပြန်လည်ပေးအပ်ခဲ့သည်။

ဒက်စ်မွန့်ဖရက်ဒရစ်ဝီလီယံဟင်တန်အမည်ရှိ ဗြိတိန်လေယာဉ်မှူး၏ ရုပ်အလောင်းအကြွင်းအကျန်များကို ကိုရီးယားကျွန်းဆွယ် စစ်မဲ့ဇုန်ဒေသရှိ ပန်မွန်ဂျုံကျေးရွာ၌ မြောက်ကိုရီးယား တာဝန်ရှိသူများက ဗြိတိန်တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဗြိတိန်လေယာဉ်မှူး၏ ရုပ်အလောင်းကို မြောက်ကိုရီးယား စစ်ဘက်တာဝန်ရှိသူများက ကုလသမဂ္ဂနှင့် ဗြိတိန်တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပုံကို အေပီသတင်းဌာနက ရုပ်သံသတင်းအဖြစ် ထုတ်လွှင့်ခဲ့သည်။

သက်ဆိုင်ရာ မိသားစုဝင်များ၏ ဆန္ဒအရ ဟင်တန်၏ ရုပ်အလောင်းကို ပြန်ဖော်ပေးရန် ဗြိတိန်နိုင်ငံက ၂၀၀၂ ခုနှစ်တွင် တောင်းဆိုခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်စစ်ပွဲကာလ ၁၉၅၂ ခုနှစ်က မီးရထားလမ်းတစ်နေရာကို ဗုံးကြဲတိုက်ခိုက်ခဲ့စဉ် ဟင်တန်၏ လေယာဉ်မှာ ပစ်ချခံခဲ့ရသည်။ **အေပီ။**

ရိုမေနီးယား၌ အမေရိကန်ဒုံးပျံကာကွယ်ရေးစနစ် ဖြန့်ကြက်မှု ရုရှားနျူကလီးယားတပ်ဖွဲ့ များကို ခြိမ်းခြောက်လာဖွယ်ရှိ

မော်စကို မေ ၅

အမေရိကန်ပြည်ထောင်စုက ၎င်း၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဒုံးပျံကာကွယ်ရေးစနစ်ကို ဥရောပ၌ တည်ဆောက်နေမှုအား ရုရှားနိုင်ငံက သတိပေးခဲ့ကြောင်း မေ ၄ ရက်သတင်းများတွင် ဖော်ပြထားသည်။

ပိုလန်နိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်ပြည်ထောင်စု၏ ပက်ထရီရော့ ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို တွေ့ရစဉ်။

ဒုံးပျံကာကွယ်ရေးစနစ်တည်ဆောက်မှုနှင့် ပတ်သက်၍ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုအကြား ဆွေးနွေးမှုများကို အမေရိကန်က မထီမဲ့မြင်ပြုနေကြောင်း ရုရှားအစိုးရက ဆိုသည်။

အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်သည် ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များကို အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ဒီဗီဆီလူအမည်ရှိ ရိုမေနီးယားလေတပ်အခြေစိုက်စခန်းဟောင်းတစ်ခု၌ အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ချထားမည်ဖြစ်ကြောင်း ရိုမေနီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က မေ ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သို့ရာတွင် အဆိုပါဒုံးကျည်ကာကွယ်ရေးစနစ်ချထားမှုသည် ရုရှားနိုင်ငံကို ရည်ရွယ်ချထားခြင်းမဟုတ်ကြောင်း ရိုမေနီးယားသမ္မတက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဥရောပဒုံးပျံကာကွယ်ရေးတံတိုင်းသည် ရုရှား၏ မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များကို ပစ်မှတ်ထားခြင်းမဟုတ်ဟူသော လတ်တလောအာမခံချက်ကို ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုထံမှ ရရှိထားကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

ပထမကမ္ဘာစစ် စစ်ပြန်ကြီး ကလော်ဒီချောလက်စ်ကို ၎င်း၏သမီးနှင့်အတူ တွေ့ရစဉ်။

ကမ္ဘာစစ် နှစ်ခုလုံး၌ စစ်မှုထမ်းခဲ့သူ စစ်ပြန်ကြီး အသက်(၁၁၀)တွင် ကွယ်လွန်

ဆစ်ဒနီ မေ ၅

ပထမကမ္ဘာစစ်၏နောက်ဆုံးကျန် စစ်ပြန်ကြီးတစ်ဦးဖြစ်သည့် ဗြိတိန်နိုင်ငံဖွား ကလော်ဒီချောလက်စ်သည် အသက်(၁၁၀)အရွယ်၌ ဩစတြေးလျနိုင်ငံ ဘိုးဘွားရိပ်သာတစ်ခုတွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ၎င်း၏မိသားစုက ကြာသပတေးနေ့တွင် ပြောကြားသည်။

လူငယ်လူရွယ်များကို စစ်ပွဲအတွင်းဆွဲသွင်းသည့် ဆုံးဖြတ်ချက်များအား လူအိုကြီးများက ချမှတ်သည်ဟု ကလော်ဒီချောလက်စ်က အမြဲတမ်းပြောလေ့ရှိကြောင်း ၎င်း၏သားဖြစ်သူက ပြောကြားသည်။

၁၉၀၁ ခုနှစ်တွင် မွေးဖွားခဲ့သော ချောလက်စ်သည် အသက်(၁၅)နှစ်အရွယ်တွင် ဗြိတိသျှရေတပ်၌ တပ်သားအဖြစ် စာရင်းသွင်းကာ ပထမကမ္ဘာစစ်အတွင်း ပါဝင်တိုက်ခိုက်ခဲ့သည်။

ပထမကမ္ဘာစစ်ပြီးဆုံးပြီးနောက် ချောလက်စ်သည် ဩစတြေးလျနိုင်ငံ ပတ်သ်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ ဩစတြေးလျရေတပ်၌ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ဒုတိယကမ္ဘာစစ်အတွင်း၌ အဆောက်အအုံများဖျက်သိမ်းရေးတာဝန်ခံအဖြစ် တာဝန်ထမ်းခဲ့ရာ ကမ္ဘာစစ်နှစ်ခုလုံး၌ စစ်မှုထမ်းခဲ့ဖူးသူ နောက်ဆုံးကျန် စစ်ပြန်တစ်ဦးအဖြစ် စာရင်းဝင်ခဲ့သည်။

ပထမကမ္ဘာစစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့တိုင် သက်ရှိထင်ရှား ကျန်ရစ်ဆဲအခြားစစ်ပြန်တစ်ဦးမှာ အသက် (၁၁၀)အရွယ်ရှိ ဗြိတိန်နိုင်ငံသား ဖလောရင့်ဂရင်းဆိုသူဖြစ်သည်။ ၎င်းသည် ဗြိတိန်ဘုရင့်လေတပ်မတော်၌ တာဝန်ထမ်းခဲ့သူဖြစ်သည်။ **ရိုက်တာ။**

နျူလက်နက်သုံးစွဲ၍ အီရန်ကတိုက်ခိုက်မည်မဟုတ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး ပြောကြား

ဂျေရုဆလင် မေ ၅

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များ တည်ဆောက်နိုင်သည့်တိုင် ယင်းလက်နက်များအသုံးပြု၍ အစ္စရေးနိုင်ငံကို တိုက်ခိုက်လာဖွယ်မရှိကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်၏အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြသည်။

ယုံကြည်ခြင်းမရှိ

၎င်း၏ နျူကလီးယားအစီအစဉ်သည် လက်နက်များတည်ဆောက်ရေးအတွက်မဟုတ်ကြောင်း အီရန်နိုင်ငံက ပြောကြားခဲ့သော်လည်း အစ္စရေးနှင့် အနောက်အုပ်စုနိုင်ငံများက ယုံကြည်ခြင်းမရှိပေ။

အစ္စရေးကာကွယ်ရေးဝန်ကြီး၏ မှတ်ချက်စကားသည် အီရန်နိုင်ငံက နျူကလီးယားလက်နက်ပိုင်ဆိုင်လာဖွယ်ရှိမည့်အရေးကို အစ္စရေးနိုင်ငံအနေဖြင့် သတိထားစောင့်ကြည့်စေရန် ရည်ရွယ်ပုံရကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များ ပိုင်ဆိုင်လာပါက ယင်းလက်နက်များဖြင့် အစ္စရေးကို တိုက်ခိုက်လာဖွယ်ရှိကြောင်း အစ္စရေးခေါင်းဆောင်များက ကာလအတန်ကြာကပင် သတိပေးခဲ့သည်။

တိုက်မည်မဟုတ်

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်လာပါက မိမိတို့ကိုသော်လည်းကောင်း၊ အခြားအိမ်နီးချင်းနိုင်ငံများကို သော်လည်းကောင်း ယင်းလက်နက်များဖြင့် တိုက်ခိုက်မည်မဟုတ်ကြောင်း သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ သို့ရာတွင် အီရန်နိုင်ငံ၏ အပြုအမူကို ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်က သတိပေးခဲ့သည်။

အစ္စရေးနိုင်ငံသည်လည်း နျူကလီးယားလက်နက်များကို စုဆောင်းထားရှိပြီးဖြစ်ကြောင်း ယုံကြည်ရသည်။

အေပီ။

ဇူးလူးကေရီ၏ရုပ်အလောင်း ပြန်လည်သင်္ဂြိုဟ်ရန် အမေရိကန်ဒေါ်လာ ၄၅ သန်း တောင်အာဖရိက သုံးစွဲမည်

ဂျိုဟန်နက်စဘတ် မေ ၅

ဇူးလူးဘုရင် ဂွဒ်ဝဲလ်ဇွာလီသီနီ၏မိခင် ဇူးလူးကေရီ၏ရုပ်အလောင်းကို ပြန်လည်မြှုပ်နှံ သင်္ဂြိုဟ်ပေးရန်အတွက် တောင်အာဖရိကနိုင်ငံက အမေရိကန်ဒေါ်လာ ၄၅ သန်း ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တောင်အာဖရိကနိုင်ငံရှိ အကြီးမားဆုံးလူမျိုးစု၏ ရိုးရာဘုရင်ဖြစ်သော ဇူးလူးဘုရင်သည် မိခင်ဖြစ်သူ ဇူးလူးကေရီ၏ ပျောက်ဆုံးနေသော ရုပ်အလောင်းကို ပြန်လည်ရှာဖွေရာတွင် တောင်အာဖရိကအာဏာပိုင်များ၏ အကူအညီကို တောင်းခံခဲ့သည်။

ကာလအတန်ကြာ မေ့လျော့ခံခဲ့ရသည့် ဇူးလူးကေရီ၏ ရုပ်အလောင်းကို ပြန်လည်သင်္ဂြိုဟ်ပွဲနှင့် အောက်မေ့ဖွယ်အခမ်းအနားကို ဇြေ ၈ ရက်တွင် ကျင်းပသွားရန် တောင်အာဖရိက တာဝန်ရှိသူများက စီစဉ်နေကြောင်း တောင်အာဖရိက ရုပ်သံဌာန အက်စ်အေဘီစီက သတင်းထုတ်ပြန်သည်။

၁၉၅၀ ခုနှစ် အသက် ၃၀ အရွယ်၌ ကွယ်လွန်ခဲ့ရသော ဇူးလူးကေရီ၏ နောက်ဆုံးလျောင်းစက်ရာနေရာကို မည်သူမျှ သိရှိခဲ့ခြင်းမရှိပေ။

ရှာဖွေတွေ့ရှိ

နှစ်နှစ်ကြာမျှ ရှာဖွေခဲ့ပြီးနောက် ကွာဇူးလူးနေတယ်လ် ပြည်နယ်တစ်နေရာ၌ တိုကိုဇူးလူးဟူသောအမည်ရှိ အမျိုးသမီးတစ်ဦးကို မြှုပ်နှံထားသော သင်္ချိုင်းဂူအား တောင်အာဖရိက အာဏာပိုင်များက ရှာဖွေတွေ့ရှိခဲ့သည်။

မျိုးရိုးဗီဇစမ်းသပ်မှုများအရ အဆိုပါ အမျိုးသမီးသည် အမေ့ခံဇူးလူးကေရီဖြစ်ကြောင်း တောင်အာဖရိက အာဏာပိုင်များက အတည်ပြုနိုင်ခဲ့သည်။

ဇူးလူးကေရီ၏ ရုပ်အလောင်းကို ၎င်းနောက်ဆုံးခေါင်းချခဲ့ရာ ကွာဇူးလူးနေတယ်လ်ပြည်နယ် ဒါဘန်မြို့၌ ပြန်လည်မြှုပ်နှံပေးမည်ဖြစ်ပြီး ယဉ်ကျေးမှု ပြတိုက်တစ်ခုနှင့် ရိုးရာအမွေအနှစ် ထိန်းသိမ်းရေးဌာနတစ်ခုတို့ကိုပါ ယင်းမြို့၌ တည်ဆောက်သွားမည်ဖြစ်သည်။

လူဦးရေ ၁၁ သန်းမျှရှိသော ဇူးလူးလူမျိုးစုဝင်များ၏ ဘုရင်များသည် အမည်ခံသက်သက် ဘုရင်များဖြစ်ပြီး နိုင်ငံရေးအရ အာဏာမရှိပေ။

လက်ရှိ ဇူးလူးဘုရင် ဂွဒ်ဝဲလ်ဇွာလီသီနီသည် ဗြိတိသျှကိုလိုနီနယ်ချဲ့များကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သော ၁၉ ရာစု ဇူးလူးခေါင်းဆောင် ရှာကာဘုရင်၏ အဆက်အနွယ်ဖြစ်သည်။ **အင်တာနက်။**

အာဖရိက အမျိုးသားကွန်ဂရက်ဥက္ကဋ္ဌ ဂျက်ကော့ဘ်ဇူးမား(ဝဲ) နှင့် ဇူးလူးဘုရင် ဂွဒ်ဝဲလ်ဇွာလီသီနီတို့ကို အခမ်းအနားတစ်ခု၌ တွေ့ရစဉ်။

ပေါက်ကွဲခြင်းမရှိသေးသော ဗုံးခြောက်လုံး အင်ဒိုနီးရှားရဲတပ်ဖွဲ့ တွေ့ရှိ

ဂျကာတာ မေ ၅

ပြီးခဲ့သည့်လအတွင်း အသေခံဗုံးခွဲသမားတစ်ဦးက ဝတ်ကျောင်းတစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် အသုံးပြုခဲ့သော ဗုံးအမျိုးအစားနှင့် အလားတူ ဗုံးခြောက်လုံးကို မိမိတို့ရှာဖွေသိမ်းဆည်းမိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန် အဆိုပါလက်ဖြစ်ဗုံးအမျိုးအစား ဖောက်ခွဲရေးပစ္စည်းများကို အဆင်သင့်ပြင်ထားပုံရကြောင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)မှ နိုင်ငံ့ခေါင်းဆောင်များ ဒေသတွင်းညီလာခံတစ်ခုသို့ တက်ရောက်ရန် ဂျကာတာမြို့သို့ မရောက်ရှိမီ ရက်ပိုင်းမျှအလို၌ အဆိုပါလက်ဖြစ်ဗုံးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂျကာတာမြို့တော် အရှေ့ဘက် ၂၉၇ ကီလိုမီတာခန့်အကွာရှိ အနောက်ဂျာဗားပြည်နယ် ချာရီဘွန်းမြို့ မြစ်တစ်ခုအတွင်း၌ မေ ၄ ရက်က အဆိုပါ လက်ဖြစ်ဗုံးများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဧပြီ ၁၅ ရက်က အင်ဒိုနီးရှားရဲတပ်ဖွဲ့ဝင်များ ဝတ်ပြုရာ ဝတ်ကျောင်းကို အစ္စလာမ္မစ်ဝါဒီတစ်ဦးအဖြစ် ယူဆရသော အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၃၀ ဒဏ်ရာရခဲ့သည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ကြောင်း ယူဆရသူ ၂၅ ဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ **အင်တာနက်။**

စံချိန်စံညွှန်းမီတိုင်းရင်းဆေးဝါးများကို နိုင်ငံတကာအဆင့်မီထုတ်လုပ်လာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ရာ၌ ပြည်သူယုံကြည်မှုပိုမိုရရှိ

သတင်းဆောင်းပါး - မျိုးထွန်း(ကြေးမုံ) ➤ ဓာတ်ပုံ - ငွေအောင်(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ ကြေးမုံသတင်းအဖွဲ့သွားရောက်၍ မြန်မာ့တိုင်းရင်းဆေးနှင့် ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁)ကို တိုင်းရင်းဆေးဝါးထုတ်လုပ်မှု အဆင့်အတန်း မြင့်မားလာနေမှုကို သိရှိစေရန်၊ အဆင့်မြင့်မားလာနေသည့် တိုင်းရင်းဆေးဝါးများကို ပြည်သူလူထုနှင့် မိတ်ဆက်ရန်နှင့် တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ရေးကြီးပမ်းချက်များကို တစုတစည်းတည်း ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ဦးစီးဌာန အနေဖြင့် ပြပွဲတွင် တိုင်းရင်းဆေးဝါးများ၊ သုတေသနလုပ်ငန်းများ၊ ရိုက်နှိပ်ထားသော တိုင်းရင်းဆေးလမ်းညွှန်စာအုပ်များ ခင်းကျင်းပြသနိုင်ရန်အတွက် ဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူဆောင်ရွက်ပေးခြင်းဖြင့် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့ သုံးဦးသုံးဖလှယ်စနစ်ဖြင့် ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို မြန်မာနိုင်ငံ အစားအစာနှင့် ဆေးဝါး

"I.S.Oလက်မှတ်ရရှိအောင် ကြိုးစားထုတ်လုပ်ကြရင်း ပြည်သူလူထုအတွက် ကောင်းမွန်သောဆေးဝါးများ ထုတ်လုပ်ပေးကြလိမ့်မည်ဟု မျှော်လင့်"

ပါမောက္ခ ဒေါက်တာအောင်မြင့် (ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)

"နှစ်ပေါင်းသုံးဆယ်ကျော် ဖြန့်ချိရောင်းချခဲ့သော တိုင်းရင်းဆေးများဖြစ်"

စိန်ဘယက်ဆေးတိုက်မှ ဦးကြည်လင်း

ကြီးကြပ်ရေး ဗဟိုအာဏာပိုင်အဖွဲ့၊ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီတို့က တိုင်းရင်းဆေးဝါးများ စစ်မှန်မှု၊ အရည်အသွေးပြည့်ဝမှု၊ ဘေးကင်းလုံခြုံမှုများ ရှိ၊ မရှိ စစ်ဆေးပြီး စံချိန်စံညွှန်းမီဆေးဝါးများကို မှတ်ပုံတင်ပေးကြောင်း၊ ယနေ့အထိ မှတ်ပုံတင်ပြီး ဆေးမျိုးပေါင်း တစ်သောင်းခွဲခန့်ရှိကြောင်း၊ ထို့ပြင် တိုင်းရင်းဆေးဝါးများသတ်မှတ်ထားသော သက်တမ်းကာလအတွင်း အရည်အသွေးထိန်းသိမ်းနိုင်မှု ရှိ၊ မရှိကိုလည်း လစဉ် စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ရောက်ရှိနေသည့် တိုင်းရင်းဆေးများကိုလည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ၊ မရှိ စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိကြောင်း၊ အချို့ဆေးများကို ရေရှည်အသုံးပြုသည့်အခါ သုံးစွဲသူများအတွက် အန္တရာယ်ဖြစ်နိုင်၊ မဖြစ်နိုင်ကိုလည်း သုတေသနပြု စမ်းသပ်ပေးလျက်ရှိကြောင်း၊ မှတ်ပုံတင်မထားသည့် ဆေးဝါးများ၊ စံချိန်မမီဆေးဝါးများကိုလည်း စာနယ်ဇင်းများမှ ထုတ်ဖော်ကြေညာအသိပေးသကဲ့သို့ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ယခုပြပွဲတွင် လုပ်ငန်းရှင် ၆၉ ဦးတို့က ပြခန်းပေါင်း ၁၂၀ ပြသလျက်ရှိကာ လုပ်ငန်းရှင်များအားလည်း ယခုကဲ့သို့ စံချိန်စံညွှန်းမီ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ထိုသို့စံချိန်စံညွှန်းမီ တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာအဆင့်မီ စက်ရုံများဆောက်၍ ထုတ်လုပ်လာကြသည့်အတွက် နိုင်ငံတကာ အသိအမှတ်ပြု I.S.O လက်မှတ်များရရှိသည့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များရှိလာကြောင်း၊ I.S.O လက်မှတ်မရရှိသေးသည့် တိုင်းရင်းဆေးဝါးလုပ်ငန်းအများအနေဖြင့်လည်း I.S.O လက်မှတ်ရရှိအောင် ကြိုးစားထုတ်လုပ်ကြရင်း ပြည်သူလူထုအတွက် ကောင်းမွန်သော ဆေးဝါးများ ထုတ်လုပ်ပေးကြလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ထပ်မံရှင်းလင်းပြောကြားသွားသည်။

ပြပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးမောင်မောင်ဦးက မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့၌ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ ငါးနှစ်ဆက်တိုက် ကျင်းပခဲ့ပြီး ယနေ့မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁)ကို နိုင်ငံတော်အကြီးအကဲများကလည်း ကျင်းပစေချင်၊ တိုင်းရင်းဆေးသမားတော်များကလည်း ကျင်းပစေချင်တဲ့အတွက် ရန်ကုန်မြို့မှာ ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထုကို တိုင်းရင်းဆေးဖြင့် ပိုမိုထိတွေ့နိုင်ရန်၊ တိုးတက်ပြောင်းလဲလာသော ထုတ်လုပ်မှုနည်းစနစ်များဖြင့် ထုတ်လုပ်နေကြောင်း သိရှိနိုင်စေရန်နှင့် ပြည်သူလူထုအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ရာ၌ ယုံကြည်မှုပိုမိုရရှိစေရန်ဟူသည့် ရည်ရွယ်ချက်များလည်းပါရှိကြောင်း၊ ထိုသို့ပြပွဲကျင်းပနိုင်ခြင်းကြောင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးသမားတော်များ တစုတဝေးတည်း တွေ့ဆုံရပြီး တစ်ဦးနှင့်တစ်ဦး နှီးနှောဖလှယ်ကြခြင်းဖြင့် နည်းပညာများ ပိုမိုပြန့်ပွားနိုင်သည့်အပြင် စည်းလုံးညီညွတ်မှုကိုလည်း ရရှိစေကြောင်းနှင့် ပြပွဲတွင် စက်ပစ္စည်းများ၊ ဆေးကုခန်းနည်းပညာများ ပြသထားပြီး ပြခန်းပေါင်း ၁၂၀ တွင် တိုင်းရင်းဆေးပြခန်း ၁၁၀ ပါဝင်ပြသလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

"သုံးစွဲသူများနှင့် တိုက်ရိုက်ထိတွေ့ရသဖြင့် အကျိုးများစွာရှိ"

အဝေရာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးသိန်းဝင်း

မှန်ချိုဆေးတိုက်မှ ဦးကျော်ကျော်ငွေ။

ပြပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးလုပ်ငန်း)က ယခုပြပွဲကို တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းဆေးများကို တစ်နေရာတည်းတွင် ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြသနိုင်ခဲ့၍ တိုင်းရင်းဆေးသမားတော်များလည်း အချင်းချင်းတွေ့ဆုံနိုင်ပြီး နှီးနှောဖလှယ်နိုင်သည့်အတွက် နည်းပညာသစ်များရရှိကာ စံချိန်စံညွှန်းမီ တိုင်းရင်းဆေးများ ထုတ်လုပ်လာနိုင်ကြောင်း၊ စံချိန်စံညွှန်းမီ တိုင်းရင်းဆေးများကို ထုတ်လုပ်ရောင်းချနိုင်သည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးကို အထောက်အကူဖြစ်သဖြင့် ဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)ဖွင့်လှစ်ပြသ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) အသင်းခွဲကကြီးမှူး၍ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်မြင့်၊ တိုင်းရင်းဆေးကောင်စီဝင် ဦးသန်းညွန့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးမောင်ဉာဏ်နှင့် တိုင်းဒေသကြီး အသင်းခွဲဥက္ကဋ္ဌ ဦးသောင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် တိုင်းရင်းဆေးပြခန်းများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦး။

ပြပွဲဖြစ်မြောက်ရေး ကော်မတီဝင် ဦးကြည်ဝင်း (ဆန္ဒမွန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)က ယခုပြပွဲသည် တိုင်းရင်းဆေးထုတ်လုပ်သူများ အထူးမျှော်လင့်အားခဲထားသည့်ပွဲ တစ်ပွဲဖြစ်ကြောင်း၊ ထုတ်လုပ်သူနှင့် သုံးစွဲသူ တိုက်ရိုက်ထိတွေ့ခွင့်ရှိ၍ အကြံပြုဆွေးနွေးမေးမြန်းနိုင်ကြောင်း၊ နောက်ပြီး ပြပွဲ၏ ရည်ရွယ်ချက်ဖြစ်သည့် တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရန်နှင့် ရရှိလာသော အကျိုးအမြတ်များကိုလည်း တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးဆရာအသင်းသို့ လှူဒါန်းမည်ဖြစ်၍ အားလုံးအကျိုးရှိပြီး ပီတိလည်းဖြစ်ရပါကြောင်း၊ တိုင်းရင်းဆေးပြပွဲ တစ်နှစ်တစ်ကြိမ် ပုံမှန် ကျင်းပနိုင်ရေးကိုလည်း တိုင်းရင်းဆေး လုပ်ငန်းရှင်များက ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မိမိ ဆန္ဒမွန် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ယားနာ၊ အကြောပြေ မျက်စိအားတိုးဆေး၊ ချောင်းဆိုးနှင့်လျက်ဆား၊ ရှားစောင်းလက်ပပ်ဆေးများကို စံချိန်စံညွှန်းမီ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားပြီး အမျိုးသားများအတွက် ဆီးဆေးနှင့် အမျိုးသမီးများအတွက် မီးယပ်မှန်သဘာဝဆေးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

စိန်ဘယက်ဆေးတိုက်မှ ဆရာ ဦးကြည်လင်းက စိန်ဘယက်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းသည် အဘိုးသမားတော်ကြီး ဆရာမြိုင်ကိုယ်တိုင် နှစ်ရှည်လများ ရောဂါဝေဒနာရှင် အပေါင်းတို့အား ကုသခဲ့သော အစွမ်းထက်တိုင်းရင်းဆေးဝါးများကို မွေးဖြစ်သူ ဆရာဦးကြည်လင်း၊ ဆရာမ ဒေါ်ချိုချိုမာတို့က ဦးစီးကာ ကျွမ်းကျင်သော ပညာရှင်များကြီးကြပ်၍ ၁၉၇၈ ခုနှစ်ကတည်းက ဆက်လက်၍ နှစ်ပေါင်း ၃၀ ကျော် ထိန်းသိမ်းဖော်ထုတ်ဖြန့်ချိရောင်းချခဲ့သော တိုင်းရင်းဆေးများဖြစ်ကြောင်း၊ စိန်ဘယက်ဆေးတိုက်မှ လေကွဲဆေး၊ ငန်းနီကျော်၊ အဖြေကျော်၊ မက်လင်ချဉ်လျက်ဆား၊ ဒဏ်ကြေဆေး၊ နှလုံးသည်းခြေဆေး၊ လေငန်းကာကွယ်ဆေး အပါအဝင် တိုင်းရင်းဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်ရောင်းချလျက်ရှိပြီး ပြပွဲကျင်းပနိုင်ခြင်းကြောင့် တိုင်းရင်းဆေးအမျိုးမျိုးကို တစ်နေရာတည်းတွင် ဝယ်ယူနိုင်ပြီး တိုင်းရင်းဆေးပညာများ နှီးနှောဖလှယ်နိုင်သည့်အတွက် အဆင့်မီ တိုင်းရင်းဆေးဝါးများကို တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မှန်ချိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးကျော်ကျော်ငွေက ရန်ကုန်တွင် တိုင်းရင်းဆေးပြပွဲကို ပြသနိုင်သည့်အတွက် ဝမ်းမြောက်ကြည်နူးရပါကြောင်း၊ သုံးစွဲသူများနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့်အတွက် အကြံပြုဆွေးနွေးနိုင်ကြောင်း၊ မိမိဆေးတိုက်မှ အသံကောင်းဆေး၊ အကြောပြေလိမ်းဆေး၊ ဆီးရွှင်ဝမ်းမှန်ဆေး၊ မြစ်ပွားနာပျောက်ဆေး၊ ငန်းမန်းကျဆေး၊ လိပ်ခေါင်းဆေး၊ အကျိတ်ကြေဆေး၊ လေးဖက်နာဆေး၊ နှလုံးအားတိုးဆေး၊ လေသက်ဆေးအပါအဝင် တိုင်းရင်းဆေးအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းနှင့် တိုင်းရင်းဆေးပြပွဲ နှစ်စဉ် ကျင်းပသွားနိုင်ရေး တိုင်းရင်းဆေး လုပ်ငန်းရှင်များနှင့်အတူ ကြိုးပမ်းသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးထွန်းရွှေ။

ဦးကြည်ဝင်း (ဆန္ဒမွန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

အဝေရာ တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးသိန်းဝင်းက ယခုပြပွဲတွင် လာရောက်ပြသရသည့်အတွက် သုံးစွဲသူများနှင့် တိုက်ရိုက်ထိတွေ့ရသဖြင့် အကျိုးများစွာရှိပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ရရှိသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိဆေးတိုက်မှ အမောလုံဆေး၊ နှလုံးသွေးသန့်ဆေး၊ သွေးတိုးကျဆေး၊ သွေးချို ဆီးချိုကျဆေး၊ အသည်းအားတိုးဆေးနှင့် လေးဖက်နာဆေးများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိပါကြောင်းနှင့် တွေ့ဆုံဆွေးနွေးအကြံပြုနိုင်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား Myanmar DAEWOO Limited မန်နေဂျင်းဒါရိုက်တာ Mr. Jeong Hwan Park လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား Myanmar DAEWOO Limited မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား Myanmar DAEWOO Limited မန်နေဂျင်းဒါရိုက်တာ Mr. Jeong Hwan Park နှင့်အဖွဲ့သည် မေ ၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၅ ၈။ အကပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ နိုင်ငံတော်သံစုံတီးဝိုင်း ဖြေဖျော်တင်ဆက်မှုအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅း၃၀ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၃၀)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁၄)**
- ၁၉။ **သီချင်းချစ်သူ(ယုဇန)**
- ၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၅

ပညာရည်ထက်မြက်ထူးချွန်ပြီး စီးပွားရေးချို့တဲ့မှုကြောင့် အဆင့်မြင့်ပညာ ဆက်လက်မသင်ယူနိုင်သည့် မိန်းကလေးများအား ရှာဖွေဖော်ထုတ်၍ ဘွဲ့ရရှိသည်အထိ သင်ယူနိုင်ရန် ဝိုင်းဝန်းထောက်ပံ့ကူညီရမည်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၌ သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က ပြောကြားသည်။

ထို့အပြင် အခြေခံပညာမူလတန်းအဆင့်ကို ဒေသမရွေး သင်ကြားနိုင်ရေးအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့များသည် အသေးစားချေးငွေလုပ်ငန်းကို အမှန်တကယ်လိုအပ်သည့် အမျိုးသမီးများအတွက် ဦးတည်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးငယ်များကို ခေတ်နှင့်အညီ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ အတွေးအမြင်ပိုင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့် ပြုစုပျိုးထောင်ပေးခြင်း၊ ယဉ်ကျေးသိမ်မွေ့သည့် မြန်မာအမျိုးသမီးများ၏ ပြုမူပြောဆိုဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို မပျောက်ပျက်အောင် ထိန်းသိမ်းပညာပေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ယင်းနောက် တွဲဖက်အထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြရာ သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ အမျိုးသမီးရေးရာအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို မေ ၆ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မာန်အောင် အထက အာစရိယပူဇော်မည်

ရန်ကုန် မေ ၅

မာန်အောင်အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မာန်အောင်မြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲသို့ မတက်ရောက်နိုင်ခဲ့ကြသော မာန်အောင်အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားနှင့် အသက် (၆၀) နှင့်အထက် ဆရာ၊ ဆရာမများအား ကန်တော့လက်ဆောင် ပေးအပ်ပူဇော်ပွဲကို မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (ကြေးမုံ)

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

စိတ်ကုန်လူပန်းခြင်း(BURNOUT)

ရောဂါမှာ စိတ်ပိုင်းဆိုင်ရာ အဆင်မပြေဖြစ်ရခြင်းမှ စသည်။ အလုပ်လုပ်ရသည်မှာ အဆင်မပြေနိုင်ပါလားဟု နေအိမ်၌ဖြစ်စေ၊ အလုပ်ခွင်၌ဖြစ်စေ စိတ်တို စိတ်လှုပ်ရှားစရာများနှင့် ကြုံရသည်။ စိတ်ဖိစီးမှု ထိုသို့ခံစားနေရသူအတွက် လုပ်ဖော်ကိုင်ဖက်များနှင့်လည်း အဆင်မပြေ၊ လမ်းသွားရာ၌လည်း အဆင်မပြေ၊ သောက်တတ်စားတတ်လျှင် ပုံမှန်ထက် တစ်ခွက်တစ်ဖလားပို၍ သောက်တတ်မိသည်။ စိတ်ကျရောဂါလက္ခဏာများဖြစ်သည့် မနက်အိပ်ရာထတွင် မထချင်ထချင် ကြိုးစား၍ ထရခြင်း၊ အိပ်ရာထဲတွင် မျက်လုံးအကြောင်သားဖြင့် အိပ်၍ မပျော်ခြင်းတို့ကိုလည်း ကြုံရသည်။

စိတ်ပိုင်း၊ ရုပ်ပိုင်း မယိမ်းယိုင်စေရေးအတွက် အလေ့အကျင့်နှင့် စိတ်ထားလိုအပ်သည်။ စိတ်ကုန်လူပန်းသော ရောဂါမှာ မသိမသာ ဝင်ရောက်လာတတ်ခြင်းဖြစ်သည်။ လုပ်စရာအလုပ်ကို ပြီးအောင် လုပ်ချင်စိတ်မရှိတော့။ အလုပ်ခွင်၌ အချင်းချင်းဆက်ဆံရေး မပြေပြစ်နိုင်တော့။ အလုပ်လုပ်ရသည်မှာ ပျော်ပိုက်စရာမရှိတော့သော စိတ်အနေမျိုး ဖြစ်သည်။ ထိုအခြေအနေမှာ စိတ်ရောကိုယ်ပါ ဖိစီးနှောင့်ယှက်မှု တဖြည်းဖြည်းဖြစ်၍လာ၏။ အစပထမတွင် ကာယကံရှင်က မိမိဘာသာ သတိမထားမိ။ ရင်းနှီးပွန်းတီးသောမိသားစုနှင့် မိတ်ဆွေများကစ၍ သတိပြုမိတတ်သည်။

လုပ်ငန်းတွင် မနိုင်ဝန်ကိုထမ်းရသော စိတ်ဓာတ်နှင့် ကိုယ်လုပ်တိုင်း မဖြစ်သောစိတ်ထားတို့က ထိုလက္ခဏာကို အားပေး၏။ ထိုမှတစ်ဆင့် လေးနက်သော ကျန်းမာရေးပြဿနာများသို့ ကူးပြောင်းနိုင်သည်။ သွေးဖိအားတိုးမြင့်ခြင်း၊ ဝမ်းဗိုက်နှင့်စပ်ဆိုင်သော ကသိကအောက် ပြဿနာများဖြစ်ခြင်း၊ နှလုံးသွေးကြောရောဂါများရခြင်း၊ အိပ်မပျော်သော ရောဂါများရခြင်းတို့ ဖြစ်လာသည်။

နောက်ပိုင်း၌ ခေါင်းကိုက်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ကျောအောင့်ခြင်း၊ ပင်ပန်းလွယ်ခြင်း၊ ခြေပစ်လက်ပစ်နေလိုခြင်းတို့အထိ ဖြစ်သည်။ ထိုသို့ ဖြစ်ရသူများထဲတွင် အလုပ်ကို ကြိုးကြိုးစားစား စိတ်ပါလက်ပါ လုပ်လိုသူများလည်း ပါတတ်သည်။ အချို့မှာ ကိုယ်လုပ်ရသောအလုပ်၌ ယခင်ကလို ပျော်ပိုက်ခြင်း မရှိတော့ပေ။ အချို့မှာကား အကြောင့်ကြလွန်သူများ၊ အလုပ်ကိုသာ ဦးစားပေးသူများပါဝင်သည်။ သူတို့သည် စိတ်ဖိစီးမှုကို အလိုက်သင့် မခံယူတတ်ကြ။ မိမိတို့ကိုယ်ကို သမမျှတစွာ ထိန်းကျောင်းနေထိုင်တတ်ရန်လည်း စိတ်ကူးမရှိတတ်ကြသူများ ဖြစ်သည်။ ထို့ပြင် စိတ်ဖိစီးမှုကို မျှတစွာ နေထိုင်တတ်မှုဖြင့် ပြေပျောက်အောင် အချိုးမျှနိုင်သည်ကိုလည်း သဘောမပေါက်နိုင်သူများဖြစ်သည်။

စိတ်ကုန်လူပန်းပျောက်၍ နေ့စဉ်စိတ်အနေနှင့် ပေါင်းသင်းဆက်ဆံရေး ထက်မြက်မှုရှိလာစေရန် အောက်ပါနည်းလမ်းများဖြင့် လေ့ကျင့်ပျိုးထောင်နိုင်သည်-

- *အလုပ်ခွင်တွင် ဝန်တာပိုလာရသည့်အခါ ကိုယ်လုပ်ပေးရသည့်အတွက် အရေးပါအရာရောက်သည်ဟု သဘောထားပါ။ ကိုယ်လုပ်ပေးသမျှ ကျေနပ်မှုရှိဖို့ဖြစ်သည်။*
- *လုပ်ငန်းခွင်ထဲတွင် တဖျစ်တောက်တောက်လုပ်၍ ညည်းညူကာ အလုပ်မပြီးနိုင်ဖြစ်လိမ့်မည်ဟု တွေးတောညည်းညူနေမည့်အစား ဘယ်သို့ပြီးအောင်လုပ်မည်ဟု အရေးကြီးသည်ကို ဦးစားပေး၍လုပ်ပါ။ အလုပ်အဆင့်တစ်ခု ပြီးပြတ်သွားလျှင် အလုပ်ဌာန အနီးဝန်းကျင်တွင် ပတ်၍လျှောက်ခြင်းဖြင့် ပြီးစီးသောကိစ္စအတွက် ကျေနပ်ကြောင်း ဆောင်ရွက်လိုက်ပါ။ ကောင်းကောင်းလုပ်ဖို့နှင့် ကောင်းရုံသာလုပ်ဖို့လိုသော အလုပ်များကို ခွဲခြားတတ်ရမည်။*
- *အလုပ်လုပ်ရင်း စိတ်ကြည်သာရွှင်ပျဖို့ရန်အတွက် ပန်းချီကားများ၊ ရှုခင်းပုံများ သင့်လျော်စွာ မြင်သာအောင် ချိတ်ဆွဲထား၊ ကပ်ထားနိုင်သည်။*
- *ဟာသရသနှင့် ရယ်မောခြင်းတို့သည် သွေးဖိအားတိုးခြင်းကို လျော့ပါးစေ၍ ရောဂါကူးစက်ခြင်းမရှိစေရန် ကိုယ်ခံအားကိုလည်း တိုးပွားစေသည်။ ရယ်မောနေသောအခါများသည် ကိုယ်ခန္ဓာတွင်း အင်္ဂါအစိတ်အပိုင်းများကို ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ပေးနေခြင်းဖြစ်သည်။*
- *အချိန်ကို သုံးနိုင်စေရန်နှင့် စိတ်ကုန်လူပန်းဖြစ်မှုကို ကာကွယ်ရန် တစ်ချိန်တွင် အလုပ်နှစ်မျိုးလုပ်ပါ။*
- *အချို့သူများမှာ တိုက်ရိုက်မသက်ဆိုင်သော အပိုအလုပ်တာဝန်တွေနှင့် ပိနေရာမှ စိတ်ကုန်လူပန်းဖြစ်တတ်ကြ၏။ ဟိုအဖွဲ့၊ သည်အသင်း စသော အားနာပါးနာ ဝတ္တရားကျေပါဝင်ရမည့်ကိစ္စမျိုးကို ရှောင်သင့်သည်။ ဤသို့ပါဝင်မှုကြောင့် စိတ်လက်ပျော်ရွှင် ပေါ့ပါးမည်ဆိုလျှင် လုပ်ထိုက်သည်။*
- *ကိုယ့်စိတ်ထဲမှ ဖွင့်ဟချင်သမျှကို စာနာစိတ်ဖြင့် နားထောင်နိုင်မည့် မိတ်ဆွေတစ်ဦးဦးအား ပြောပြရင်ဖွင့်ခြင်းဖြင့် လူမှုရေးအထောက်အကူဖြင့် စိတ်သက်သာ ပြေပျောက်နိုင်သည်။*

(ဆက်လက်ဖော်ပြပါမည်)

မောင်ဆုရှင်

ကြည့်ရှုအားပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

❄ ကျောဖုံးမှ

ပြောင်းလဲမသွားစေရေးအတွက် ကာကွယ်တားဆီးရန် လက်တွေ့ကျသော စီမံချက်များထားရှိကြရန်၊ မီးသတ်တပ်ဖွဲ့ဥပဒေနှင့် နည်းဥပဒေတို့တွင် ပေးအပ်ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မီးသတ်ယာဉ်၊ မီးသတ်စက်နှင့် မီးသတ်ပစ္စည်းကိရိယာများကို ထိန်းသိမ်းပြင်ဆင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ သိုလှောင်ရုံများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search & Rescue Team)များကို မီးသတ်တပ်ဖွဲ့ဝင်များဖြင့် လေ့ကျင့်စုဖွဲ့ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး စွမ်းရည်ပြသမှုတွင် ဂက်စ်အိုးမီးလောင်မှုကို မီးငြိမ်းသတ်ခြင်း၊ လျှပ်စစ်မီးလောင်မှုနှင့် ဓာတုဗေဒဓာတ်ပြုမှုကြောင့် မီးလောင်မှု (Chemical Reaction) မီးလောင်မှုသရုပ်ပြသခြင်း၊ အထပ်မြင့်မီးလောင်မှုတွင် အသက်ကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ ရေတွင်းအသက်ကယ်ဆယ်မှု သရုပ်ပြသခြင်း၊ လေမွေ့ရာ (Air Mattress) ဖြင့် ကယ်ဆယ်ခြင်း၊ တောမီးလောင်မှုတွင် ငြိမ်းသတ်ခြင်း၊ ကျေးလက်ဒေသ မီးလောင်မှုငြိမ်းသတ်ခြင်း၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်စီးသရုပ်ပြသခြင်း စသော မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး စွမ်းရည် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✤ ရေမျက်နှာပြင်မှ

အစ္စရေးနိုင်ငံရှိ Solaris Synergy ကုမ္ပဏီက ဦးဆောင်လျက် ရေမျက်နှာပြင်ပေါ်၌ တပ်ဆင်ထားနိုင်သော ဆိုလာပြားများကို ထုတ်လုပ်နိုင်ရန် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်လျက်ရှိကြသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်အနီးရှိ ကန်များနှင့် ရေအိုင်များ၊ သတ္တုတွင်းအနီးရှိ ကန်များ၊ ရေအားလျှပ်စစ်ထုတ်လုပ်ပေးသော ရေလှောင်တမံများနှင့် တူးမြောင်းများ စသည့် ရေတည်ရှိရာနေရာများ၌ ယင်းဆိုလာပြားများကို တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း Solaris Synergy ကုမ္ပဏီမှ အင်ဂျင်နီယာများက ပြောကြားကြသည်။

ရေမျက်နှာပြင်ပေါ်၌ တပ်ဆင်ထားနိုင်သော ဆိုလာပြားများကို ထုတ်လုပ်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဆို၏။

ရေမျက်နှာပြင်ပေါ် တပ်ဆင်ထားနိုင်သော ဆိုလာပြားများ ထုတ်လုပ်ခြင်းဖြင့် သံမဏိအသုံးပြုရမှု လျော့နည်းစေနိုင်ကြောင်း၊ ကုန်းမြေအခြေစိုက် ဆိုလာပြားများထုတ်လုပ်ရာ၌ အဓိကကုန်ကျစရိတ်မှာ သံမဏိသုံးစွဲရမှုဖြစ်ကြောင်း၊ ရေ၏ အေးမြသောအာနိသင်သည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အထောက်အကူပြုကြောင်း Solaris Synergy ကုမ္ပဏီက ပြောကြားသည်။

ရေမျက်နှာပြင်ပေါ် တပ်ဆင်ထားနိုင်သော ဆိုလာပြားများသည် ရေငွေ့ပျံခြင်းကို ၇၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း၊ ရေမျက်နှာပြင်ပေါ်သို့ နေရောင်ခြည် ကျရောက်ခြင်း ရှိတော့မည်မဟုတ်သဖြင့် ရေသတ္တဝါများအား ဘေးဥပဒ်ဖြစ်စေနိုင်သော အယ်လ်ဂျေးအပင်များ ပေါက်ပွားမှုကို တားဆီးပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက ပြောကြားသည်။

အင်တာနက်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၅

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၅)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ စလင်းဘုန်းကျော်၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ချမ်းမြဆောင်း(ကလော)၊ မြတ်ဘုန်း(တပ်ကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ တင်မောင်(စလင်း)၊ မောင်သျှင်နှောင်း၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)တို့၏ အဖွင့်ကဗျာများ၊ ရေချမ်း၊ စည်သူကျော်၊ မောင်နေမွန်၊ ဟန်ထွေးနိုင်၊ ဖွဲ့နေ၊ ကျောက်ဆူး၊ တင်အောင်သိန်း(ရှမ်း/မြောက်)၊ ကိုဇော်ငွေး (ယဉ်ကျေးမှု)၊ ဗိုလ်ကလေးတင့်အောင်၊ ကျော်ဇောဟိန်း (ဒေါ်ပုံ)၊ ကိုရွှေသိမ်းအေး၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာချိုချိုတင့်(မြန်မာစာ)၊ မြင်းခြံ ကျော်အောင်၊ မင်းပြားမင်းသိန်းဇံ၊ ငွေးပုလဲ၊ တက္ကသိုလ်တင်ခ၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောဓလေ့ စာပန်းချီ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ အမြတ်ဆုံးပူဇော်သံယာတော်၊ ဗုဒ္ဓစာဥယျာဉ်၊ ဘဝခရီးသည်၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်၊ သမိုင်းသုတေသန၊ စာပေရေးရာ အထူးကဏ္ဍ၊ ဟာသရသကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသ စုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ တို့မှ ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မေ ၄ ရက်က ခရမ်းမြို့ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ မြို့စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လူတိုင်းတာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများဖြင့် တာဝန်ကိုယ်စီရှိကြပါသည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - မောင်မောင်ထွေး(သတင်းစဉ်)

နေပြည်တော်မှ ရန်ကုန်သို့ အပြန်မှာ ဖွင့်လှစ်ပြီးစ ယာဉ်လိုင်းသစ်တစ်ခုနဲ့ ပြန်ခဲ့ပါတယ်။ ဝန်ဆောင်မှုအပိုင်းက လိုလေသေးမရှိတော့ စိတ်ချမ်းမြေ့ရပါတယ်။ ယာဉ်လိုင်းထွက်ချိန်၊ နားချိန်၊ ဆိုက်ရောက်ချိန်ကအစ စနစ်တကျကြေညာ ဝန်ဆောင်မှုပေးနေတဲ့ တာဝန်ကျ အမျိုးသမီးလေးတွေကို ကြည့်ပြီး လေယာဉ်ပျံစီးနေရသလို ခံစားမိတဲ့အထိပါ။

ခရီးဆုံးခါနီးမှာ ခရီးသည်တွေရဲ့ ယာဉ်လိုင်းအပေါ် သဘောထားအမြင် စာရွက်တွေကိုလည်း ဝေငှပေးပါတယ်။ ကျွန်တော်ကတော့ သတင်းထောက်ပီပီ ကောင်း၊ သင့်၊ ညံ့ဆိုတဲ့ မှတ်ချက်အောက်ဆုံးက အကြံပြုချက်အပေါ်မှာ "လုပ်ငန်းခရီးအစကဲ့သို့ပင် ဝန်ဆောင်မှုကို ထာဝရအမြဲတမ်း ဤသို့ ဆောင်ရွက်ပေးနိုင်ပါရန်၊ စီးပွားရေးအမြင်မရှိသူ လုပ်ငန်းရှင်အချို့သည် လုပ်ငန်း၏ အစပိုင်းမှာသာ ဈေးကွက်ဝေစုရရှိရန် မီးကုန်၊ ယမ်းကုန် ကြိုးကြသော်လည်း လုပ်ငန်းအရှိန်ရလာလျှင် တော်ရိလျော်ရိဖြစ်ကာ အဆုံးသတ်တွင် ဖောက်သည်များဆုံးရှုံး၍ ရရှိပြီးဈေးကွက်ပင် ဆုံးရှုံးသွားခဲ့ကြရ၏"ဆိုတဲ့ အကြံပြုချက်ကလေးကိုပါ စေတနာရှေ့ထားပြီး ထည့်ရေးပေးလိုက်မိပါတယ်။

စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲကျင့်သုံးနေတဲ့ မျက်မှောက်ခေတ်မှာ အကြီးစား၊ အသေးစား စီးပွားရေးလုပ်ငန်းရှင်တွေ၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်တွေ၊ ပြည်သူတွေကလည်း ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲကြဖို့ လိုအပ်လာပါပြီ။

လူမှုဘဝမှာ တာဝန်မသိတတ်သူတွေ များလာတာနဲ့အမျှ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်မသက်သာမှုတွေက ပိုများလာခဲ့ရပါတယ်။ နံနက်မိုးသောက် အိမ်ရှင်မနဲ့ ဈေးလိုက်သွားရင်ပဲ စတွေ့တော့တာပါပဲ။ ကြည့်လေ ဈေးသည်က "အလေးမှန်ရင် ဒီဈေးနှုန်း၊ အလေးခိုးရင် ဒီဈေးနှုန်း ဘယ်ဟာယူမလဲတဲ့" "အင်း" တရားဝင် ခွင့်ပြုထားသလားပဲ။

အကြွေကိစ္စကိုလည်း ကြည့်ပါဦး။ နှစ်ရာတန် အထူးကားက စပယ်ယာကလည်း အကြွေမရှိလို့ ဆိုပြီး အမ်းငွေ ပြန်မပေးသေးတဲ့အတွက် သတင်းထောက်မျက်လုံးနဲ့ ပေစောင်း၊ ပေစောင်း မသိအောင် ချောင်းချောင်း ကြည့်ရတာလည်း အမောပါပဲ။

အထူးကားတွေရဲ့ ဝန်ဆောင်မှုအပိုင်းကကောလို့ မေးရင်တော့ များသောအားဖြင့် ထူးမခြားနားပါပဲ။ ထိုင်ခုံစေ့တပ်ထားတဲ့ အထူးကားကို လူပိုတွေတင်တော့ ပိုပြီး လှုပ်မရ၊ ပြုမရ ဖြစ်ရပြန်ပါရော။

တက္ကစီကားတွေ လူရဖို့ စည်းမဲ့ကမ်းမဲ့ ရှေ့ကထိုးရပ်တာတွေ၊ ရပ်ကွက်ထဲက လိုင်စင်မဲ့ ဆိုက်ကားတွေ စည်းပျက်ကမ်းပျက် ယှဉ်ပြီး ပြိုင်မောင်းတာတွေ၊ မြို့ထဲမှာ မစီးရတဲ့ ဆိုင်ကယ်တွေကို ရပ်ကွက်ထဲမှာ တရားဝင်စီးပြီး ရှေ့က လမ်းလျှောက်သွားတဲ့လူကို ဘုကြည့်ကြည့်သွားတာတွေ စတဲ့ လူ့ဘောင်အသိုက်အဝန်းမှာနေ့စဉ် ကြုံတွေ့နေရတဲ့ အခက်အခဲလေးတွေကိုပြောရရင် တစ်ထောင့်တစ်ညပုံပြင် ဖြစ်သွားပါလိမ့်မယ်။

ဒါကြောင့် နယ်ပယ်အသီးသီးမှာ ကျင်လည်နေတဲ့ ပြည်သူတွေအနေနဲ့ ကိုယ်စီကိုယ်စီ စည်းကမ်းကို လိုက်နာပြီး နိုင်ငံကြီးသားပီသဖို့ လိုအပ်လာပါပြီ။

လှည့်ကင်းရှိမှစည်းကမ်းတကျ မောင်းနှင်မယ်ဆိုတဲ့စိတ်ဓာတ်မျိုး၊ လူကြီးလာမယ်ဆိုမှ ခါတော်မီ ပြင်ဆင်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး၊ အလုပ်လုပ်မယ်ဆိုတဲ့စိတ်ဓာတ်မျိုးတွေ မထားကြပါနဲ့တော့။ တိုးတက်နေတဲ့ နိုင်ငံတွေကို အမီလိုက်ဖို့ ကျွန်တော်တို့ ပြည်သူတွေဘက်ကလည်း တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှု အပိုင်းတွေကို စနစ်တကျ လိုက်နာကျင့်သုံးကြဖို့ လိုအပ်လာပါပြီ။

အရာရာတိုင်း အစိုးရရဲ့ အလုပ်လို့ လွဲမှားစွာ ခံယူနေဖို့ မသင့်တော်တော့ပါဘူး။ တိုးတက်နေတဲ့ နိုင်ငံကြီးတွေမှာ "နိုင်ငံတော်က ဘာလုပ်ပေးရမယ် ဆိုတာထက် နိုင်ငံတော်အတွက် ဘာလုပ်ပေးရမယ်" ဆိုတဲ့ တောင်းဆိုမှုမျိုးကိုပဲ နိုင်ငံကြီးသားတွေက ခံယူကျင့်သုံးလျက် ရှိနေကြကြောင်းပါခင်ဗျာ။ ။

မဟာဗန္ဓုလတံတားပေါ်တွင် ယာဉ်များ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ အပြိုင်အဆိုင်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိရာ သက်ဆိုင်ရာက ဤသို့ သတိပေးဆိုင်းဘုတ် တပ်ထားသည်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်) ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်) ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း (နေပြည်တော်)ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း ၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (နေပြည်တော်)ဗဟို ကော်မတီဝင်များ၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြုပြီး ဗဟိုကော်မတီဝင်များက ကတိသစ္စာ ပြုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်) အတွက် ကြေးပြားကမ္ပည်းပေးအပ်ပြီး အလှူရှင်များက အသင်းအတွက် အလှူငွေများကို ပြည်ထောင်စုဝန်ကြီး များထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်) ဥက္ကဋ္ဌ ဦးသာဌေးက ကျေးဇူးတင်စကားပြောကြား ပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(နေပြည်တော်) ဖွဲ့စည်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(နေပြည်တော်)ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တာလေလျှင်ဒဏ်သင့်ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ရန်ကုန်ရုံး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong က လူသားချင်း စာနာထောက်ထားသောအားဖြင့် ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်း ပြောကြားသည်။

ယင်းနောက် သံအမတ်ကြီးက အမေရိကန်ဒေါ်လာနှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေကလက်ခံပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

ရန်ကုန် မေ ၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို "Forest: Nature at Your Service" "သဘာဝဝန်းကျင် ထာဝစဉ်တည်တံ့ရေး၊ သစ်တောများကို ထိန်းသိမ်းပေး" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၁ ခုနှစ်ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်အဖြစ်လည်း သတ်မှတ်ထားသည်။ သစ်တောများ၏ လူသားများအပါအဝင် သက်ရှိလောကကို အကျိုးပြုနေမှုများ၊ သဘာဝပတ်ဝန်းကျင် တည်တံ့ကောင်းမွန်စေရေးနှင့် ကမ္ဘာ့ရာသီဥတုတည်ငြိမ်ရေးအတွက် အရေးပါမှုများ၊ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ယိုယွင်းမှု မရှိစေသော စီးပွားရေးလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍ၌ တည်ရှိနေမှုများ အပါအဝင် သစ်တောများ၏ သဘာဝအလျောက် ဝန်ဆောင်မှုပေးနေသည့် အကြောင်းအရာများနှင့် အကျိုးပြုမှုများ၊ သစ်တောပြုန်းတီးမှု ဖြစ်ရခြင်းများ၊ သစ်တောပြုန်းတီးမှုကြောင့် ဆုံးရှုံးမှုတန်ဖိုးများနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ လက်ရှိနှင့် အနာဂတ် မျိုးဆက်များအတွက် သစ်တောအမျိုးအစား အားလုံးကို ရေရှည်တည်တံ့စေမည့် စီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ဆောင်ရွက်နေသည့်၊ ဆောင်ရွက်ရန်လိုအပ်သည့် ဆောင်ရွက်ချက်များ၊ မိမိတို့ရေးသားလိုသည့် အခြား အချက်အလက်များ၊ သာဓကများ ပါဝင်သော ဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ လည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ငါး မျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိ လည်းကောင်း၊ ကွန်ပျူတာစာလုံး Win - Innwa သို့မဟုတ် Myanmar Unicode (Myanmar 2)၊ စာလုံးဆိုဒ် ၁၈ (Font Size 18)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ဖြင့် စာစီ၍ ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ ပေးပို့ရာတွင် စာမူ (Hard copy) တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၀၆၇-၄၀၅၃၈၆ နှင့် ၀၆၇-၄၀၅၃၉၀ တို့သို့ ၂၀၁၁ ခုနှစ် မေ ၂၀ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်သည်။

ဆုရရှိသူများအား နေပြည်တော်၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ အရာတော်မြို့တွင် ၅ ဒသမ ၁၅ လက်မ၊ အုတ်ဖိုမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ညောင်ဦးမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ နွားထိုးကြီးမြို့တွင် ၂ ဒသမ ၈၅ လက်မ၊ မြင်းခြံမြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ပခုက္ကူမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မတ္တရာမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ တံတားဦးမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ဝမ်းတွင်းမြို့တွင် ၁ ဒသမ ၈၈ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၅၄ လက်မနှင့် သာစည်မြို့တွင် ၁ ဒသမ ၄၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရှမ်းပြည်နယ် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် မေ ၅

ရှမ်းပြည်နယ် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲ ကျင်းပရေး အတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၃ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းအတည်ပြုပြီး အစည်းအဝေး တက်ရောက်သူများက ပြိုင်ပွဲကျင်းပ ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မင်္ဂလာတောင်ညွန့်၌ စိတ်ကြွဆေးပြားများဖမ်းမိ

ရန်ကုန် မေ ၅

ဧပြီ ၁၁ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနမှ ဌာနစုမှူး ရဲအုပ်မျိုးအောင်မြင့်၊ ဒုတိယရဲအုပ်ဝင်းတင့်တို့ ပါဝင်သည့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက်နေ အောင်ကျော်မိုး(ခ)ဗီလား(၂၆)နှစ်ကို စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်သည့် စီးကရက်ဘူးခွံအတွင်းမှ ပလတ်စတစ်အိတ်နှင့် ထုတ်လျက် WY စာတန်းပါ စိတ်ကြွဆေးပြား ၂၅ ပြား (၂ ဒသမ ၅)ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အောင်ကျော်မိုး(ခ)ဗီလားအား စစ်ဆေးခဲ့ရာ ရေတွင်းကုန်းရပ်ကွက်နေ သိန်းဟန်(၄၆)နှစ်ထံမှ တစ်ပြားလျှင် ၄၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရ၍ ဧပြီ ၁၂ ရက် နံနက် ၃ နာရီခန့်တွင် သိန်းဟန်အား ငွေကျပ်တစ်သိန်း၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိပြီး စစ်ဆေးခဲ့ရာက ရေတွင်းကုန်းရပ်ကွက်နေ တိုးတိုး(ခ) သန်းလွင်(၃၇)နှစ်ထံမှ တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့သည်ဟု ဆိုသည်။

တိုးတိုး(ခ) သန်းလွင်အား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၁၂၅၀၀၊ ပုဆိုးခါးပုံစအတွင်းမှ ငွေကျပ် တစ်သိန်း၊ ဗီရိုအံဆွဲအတွင်းမှ ရန်ကုန်-မူဆယ်ကားလက်မှတ် ခြောက်စောင်တို့ကို သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့သုံးဦးအား မင်္ဂလာတောင်ညွန့် ရဲစခန်းက မယ(ပ)၃/၁၁ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မ ၁၅/၁၆(ဂ)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (၃၁)

ကန်ကြီးထောင့် - ဘဲဂရက်လမ်းပေါ်တွင် ဆိုင်ကယ်ဖြင့်တိုက်မိမှုကြောင့် လူတစ်ဦးသေဆုံး

ပုသိမ် မေ ၅

ကန်ကြီးထောင့်မြို့နယ် မာလာကုန်းဆိုက်ကားဂိတ်မှ ဆိုက်ကားနင်းသူ ဝင်းဆန်းသည် မေ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က ခရီးသည်တစ်ဦးအား တင်ဆောင်၍ ဘဲဂရက်ကျေးရွာသို့ ပို့ဆောင်ပေးစဉ် ဆိုက်ကားနောက်ကယ်ရီယာပေါ်မှ ခရီးသည်၏ လက်ဆွဲခြင်း ကျကျန်ရစ်ခဲ့သည်။ ထိုစဉ် ဘဲဂရက်ကျေးရွာမှ ကန်ကြီးထောင့်သို့ မာလာကုန်းလမ်းအတိုင်း ခြေကျင်လျှောက်၍ ပြန်လာသော ကန်ကြီးထောင့် အမှတ်(၁)ရပ်ကွက်နေ ဦးကြည်လင်း (၄၇)နှစ်က တွေ့ရှိသဖြင့် အဆိုပါ လက်ဆွဲခြင်းကို ကောက်ယူကာ ဆိုက်ကားသမား ဝင်းဆန်းနောက်သို့ လိုက်လံပို့ဆောင်ပေးပြီး လှည့်ပြန်စဉ် ဝဲချောင်းဆိပ်သာကျေးရွာနေ မောင်မျိုး (၁၉)နှစ်က ဘဲဂရက်မှ မာလာကုန်းလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ် အမှတ်(၁၆ယ/၆၁၇၈၆)က ဦးကြည်လင်းအား ဝင်တိုက်မိရာ ဝဲခြေကျိုး၊ ဝဲချိုစောင်း ဖူးရောင်၊ နဖူး စူထွက်ဒဏ်ရာများနှင့် သတိလစ်မေ့မျောသွားကာ ဆိုင်ကယ်မောင်းသူ မောင်မျိုးလည်း ပွန်းပဲ့ဒဏ်ရာများ ရရှိသွားသည်။

ယင်းအမှုနှင့် ပတ်သက်၍ ကန်ကြီးထောင့်ရဲစခန်းမှ (ပ)၃၅-၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ ဖြင့် ဒုတိယရဲအုပ်ရဲဝင်းထွန်းက အမှုဖွင့်ပြီး ပုသိမ် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဦးကြည်လင်းမှာ ရရှိသောဒဏ်ရာများကြောင့် သေဆုံးသွားသည်ဟုဆိုသည်။ ထို့ကြောင့် မူလဖွင့်လှစ်ထားရှိသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ မှ ၃၀၄-က သို့ ပြောင်း၍ မောင်မျိုးအား အရေးယူထားရှိကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုများပြားနေခြင်းကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများကို ပြည်သူများ သိရှိနားလည်စေရန် ကျေးရွာ၊ ရပ်ကွက်အသီးသီးသို့ လှည့်လည်ကျင်းပပေးခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းနိုင်ကြောင်း ဒေသခံများက ပြောကြားသည်။ (၅၅၂)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ညစာစားပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ညစာစားပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၄ ရက် ည ၇ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဆရာဝန်ကြီးများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ၂၀၁၀ ခုနှစ် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး၊ အထူးဆုရ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၁၀ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဒုတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တတိယဆုရ ကချင်ပြည်နယ်၊ အထူးဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက ဂုဏ်ပြုဆုရရှိသော ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့အား ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အကောင်းဆုံးစာတမ်း ပထမဆုရ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဒုတိယဆုရ ရခိုင်ပြည်နယ်၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ အထူးဆုရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၀ ခုနှစ် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ မန္တလေးတိုင်းဒေသကြီးအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် သစ်တောဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၅

ကရင်ပြည်နယ် သစ်တောဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဘားအံမြို့ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကျင်းပရာ ကရင်ပြည်နယ် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးစောကြည်လင်း တက်ရောက် အမှာစကားပြောကြားပြီး ကရင်ပြည်နယ် သစ်တောဦးစီးဌာန ခရိုင် သုံးခုနှင့် မြို့နယ် ခုနစ်ခုမှ တာဝန်ရှိသူများ၊ ဦးစီးအရာရှိများနှင့် တောအုပ်ကြီးများ တက်ရောက်ကြသည်။ **(ယာပုံ)** (ကြေးမုံ)

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ဦးကျော်ကျော်ရှိန် ခေါင်းဆောင်ပြီး ဒေါ်ကြည်ကြည်ဟန်၊ ဦးမြင့်ငွေ၊ ဦးနန္ဒဇင်၊ ဒေါ်နွယ်နွယ်အေး၊ ဒေါ်မြကေခိုင်၊ ဒေါ်နုနုအေးနှင့် ဒေါ်ကေခိုင်ထွန်းတို့ ပါဝင်သောအဖွဲ့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဆိပ်ကမ်းလုပ်ငန်းများတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများ ဆွေးနွေးပွဲသို့ တက်ရောက်ရန် မေ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

Thor ရုပ်ရှင်ကား ဗြိတိန်တွင် နံပါတ်တစ်နေရာ ရောက်လာ

ဒဏ္ဍာရီလာ မဟာသူရဲကောင်း သော်ရ် အကြောင်းရိုက်ကူးထားသည့် Thor ရုပ်ရှင်ကားမှာ ရုံတင်ပြသသည့် ပထမအပတ်အပြီးမှာပင် ဗြိတိန်နှင့် အိုင်ယာလန်တွင် ကြည့်ရှုအားပေးသူ ပရိသတ်အများဆုံး ဇာတ်ကားများတွင် နံပါတ်တစ်နေရာသို့ ရောက်ရှိသွားသည်။

ဗြိတိသျှဒါရိုက်တာ ကင်းနက်ဘရန်နက် ရိုက်ကူးခဲ့သည့် Thor ရုပ်ရှင်ကားမှာ သုံးရက်အကြိုပြပွဲတွင် ဝင်ငွေ ပေါင် ၂ ဒသမ ၃ သန်း ရရှိခဲ့ပြီး ရုံတင်ပြသည့် ပထမအပတ်အပြီးတွင် ဝင်ငွေ ပေါင် ၃ ဒသမ ၁ သန်းရရှိခဲ့သည်။

နော့စ်လူမျိုးများ၏ ဒဏ္ဍာရီလာမိုးကြိုးနတ်ဘုရားအကြောင်း ရေးသားထားသည့် မာဗယ်ရုပ်ပြစာအုပ်ကို အခြေခံရိုက်ကူးထားသော ဤဇာတ်ကားတွင် အော်စကာဆုရမင်းသား ဆာအန်သိုနီဟော့ပ်ကင်းစ်နှင့် မင်းသမီး နာတာလီပေါ့မန်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ယခင်အပတ်က နံပါတ်တစ်နေရာတွင် ရပ်တည်နေသော မင်းသား ဗင်ဒီဇယ်လ် ပါဝင်ရိုက်ကူးထားသည့် The Fast and the Furious 5 (Fast Five)ဇာတ်ကားမှာ နံပါတ်နှစ်နေရာသို့ ဆင်းပေးလိုက်ရပြီဖြစ်သည်။ ယင်းဇာတ်ကားမှာ ယခင်ပတ်သောကြာနေ့နှင့် တနင်္ဂနွေနေ့ နှစ်ရက်အတွင်း ဝင်ငွေ ပေါင် ၂ ဒသမ ၆ သန်းရရှိခဲ့ပြီး နှစ်ပတ်အတွင်း ဝင်ငွေ ပေါင် ၁၁ ဒသမ ၂ သန်းရရှိသွားသည်။

Thor ရုပ်ရှင်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ယခင်ပတ်က သုံးရက်အတွင်း ဝင်ငွေ ပေါင် ၁ ဒသမ ၄ သန်းဖြင့် ဒုတိယနေရာ၌ ရပ်တည်ခဲ့သော Insidious သရဲကားမှာ တတိယနေရာသို့ ရောက်ရှိသွားသကဲ့သို့ ကာတွန်းကား Rio မှာ နံပါတ်လေးနေရာသို့ ရောက်ရှိသွားသည်။

အင်တာနက်။

၂၀၁၁ ခုနှစ်၏ ဆွဲဆောင်မှုအရှိဆုံး အလှပိုင်ရှင် ရိုစီဟန်သီတန်ဝှိုက်တလေ

ရိုစီဟန်သီတန်ဝှိုက်တလေ။

အောဝမ်းစိုး

မက်ဆင်မဂ္ဂဇင်းမှ နှစ်စဉ်ရွေးချယ်ထုတ်ပြန်လေ့ရှိသည့် ဆွဲဆောင်မှုအရှိဆုံး အလှပိုင်ရှင် အမျိုးသမီး ၁၀၀ စာရင်းတွင် ယခုနှစ်အတွက် ထုတ်ပြန်သော စာရင်း၌ ဗြိတိသျှသရုပ်ဆောင်နှင့် ကိုယ်ဟန်ပြမယ် ရိုစီဟန်သီတန်ဝှိုက်တလေကို နံပါတ်တစ်အဖြစ် ရွေးချယ်သတ်မှတ်လိုက်သည်။

Transformer:Dark of the Moon ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ကိုယ်ဟန်ပြမယ် ရိုစီသည် ယမန်နှစ်က ယင်းစာရင်းတွင် နံပါတ်တစ်နေရာ၌ ရပ်တည်ခဲ့သူ ကေတီပါရီနှင့် မီလာကူးနစ်၊ မီဂန်ဖော့က်၊ ဂျန်နဝါရီဂျုန်း၊ အိုလီဗီယာ ဝယ်ဒီ စသည့် နာမည်ကျော် အချောအလှများကို ကျော်လွန်၍ နံပါတ်တစ်နေရာ၌ သတ်မှတ်ခံရသူ ဖြစ်သည်။

၂၀၁၁ ခုနှစ်၏ ဆွဲဆောင်မှုအရှိဆုံး အလှပိုင်ရှင် အမျိုးသမီး ၁၀၀ စာရင်းတွင် နံပါတ်နှစ်နေရာတွင် အိုလီဗီယာမွန်၊ နာမည်ကြီး မင်းသမီး ကင်းမရွန်းဒိုင်ရက်ဇ်က နံပါတ်လေး၊ အော်စကာဆုရှင် မင်းသမီး နာတာလီပေါ့မန်းက နံပါတ်ရှစ်၊ စကားလက်ဂျိုဟန်ဆန်က နံပါတ် ၁၄၊ ကန်းထရီးတေးဂီတအဆိုတော် တေလာဆွစ်ဖ်က နံပါတ် ၂၀၊ ဘရစ်တနီစပီးယားက နံပါတ် ၂၅ နှင့် ဗြိတိသျှတော်ဝင်မင်းသား ဝီလျံ၏ ကြင်ယာတော် ကိတ်မစ်ဒယ်တန်က နံပါတ် ၂၆ နေရာတွင် ရပ်တည်လျက်ရှိသည်။

အမ်တီဗွီ Networks ၏ NextMovie.com က ၂၀၁၁ ခုနှစ်တွင် ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်ဟု ညွှန်းဆိုထားခြင်းခံခဲ့ရသူရိုစီသည် ၁၉၈၇ ခုနှစ် ဧပြီ ၁၈ ရက်တွင် မွေးဖွားခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ လန်ဒန်မော်ဒယ်လ်အေဂျင်စီများတွင် ပါဝင်လှုပ်ရှားခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဗစ်တိုးရီးယားစီးခရက်စ်မှ ထုတ်လုပ်သော အမျိုးသမီး အသုံးအဆောင်၊ အဝတ်အထည်၊ အလှကုန်ပစ္စည်းများကို ကြော်ငြာပေးရသည့် ကိုယ်ဟန်ပြမယ်အဖြစ် လူသိများလာပြီး ၂၀၁၀ ခုနှစ် မေလတွင် Transformer:Dark of the Moon ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခွင့် ရရှိခဲ့သည်။ ရိုစီသည် ယခုအခါ တတိယမြောက် ချစ်သူအဖြစ် အင်္ဂလိပ်မင်းသား ဂျက်ဆင်စတက်ဟန်နှင့် တွဲလျက်ရှိကြောင်း သတင်းများထွက်ပေါ်နေသည်။ ***အင်တာနက်။***

ပြည်သူ့ထံမှ ပေးစာများ

သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၈)ရပ်ကွက်သို့ ငမိုးရိပ်မှ လွှတ်သော ရေပိုက်များမှာ ပေါက်လျက်ရှိပြီး ထိုအပေါက်များထဲသို့ ရာဇဓိရာဇ်လမ်းနှင့် ငထွေးရှူးလမ်းထောင့်ရှိ အမှိုက်ပုံမှ ရေဆိုး၊ ရေပုပ်များနှင့် လမ်းကြိုလမ်းကြားမှ အမှိုက်သရိုက်များ ဝင်လျက်ရှိရာ ရပ်ကွက်အတွင်းရှိ ရပ်ကွက်သူ၊ ရပ်ကွက်သားများ သန့်ရှင်းသောသောက်သုံးရေ အခက်အခဲဖြစ်နေရပါသဖြင့် ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၈)ရပ်ကွက်သူ

ကွမ်းယာဆိုင်မှသီချင်းသံ နေ့စဉ်ဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ပုသိမ်ညွှန့်စံပြရပ်ကွက် ဘယသုဒ္ဓိလမ်းနှင့် ကောသမ္ဗီဖြတ်လမ်းထောင့်ရှိ ကွမ်းယာဆိုင်သည် မနက်မှ ညအထိ DVD စက်ဖြင့် သီချင်းများ မရပ်မနား နားမခံသာအောင် ဖွင့်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူ

ကြက်မွေးမြူရေးခြံ အနံ့ဆိုးနံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၁)ရပ်ကွက် မာယ(၃)လမ်းရှိ အိမ်တစ်အိမ်၌ ကြက်များမွေးမြူထားရာ ကြက်ချေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ နေ့စဉ်အနံ့ဆိုးများ ရှူရှိုက်နေရသဖြင့် အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ဝေဒနာများ ခံစားနေရပြီး ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ ထို့ကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပါပြအပ်ပါသည်။

သုံးခွသား

လမ်းပေါ်ဈေးရောင်း သွားလာရေးခက်ခဲ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးရှိ ရေတာရှည်လမ်းဟောင်းပေါ်တွင် စည်းကမ်းမဲ့ဈေးရောင်းချခြင်းများ ပြုလုပ်လျက်ရှိရာ ခရီးသွားများနှင့် ယာဉ်များသွားလာရေးအခက်အခဲဖြစ်နေကြရပါသဖြင့် စိစစ်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဗဟန်းသား

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ပြည်တွင်းအားကစားသတင်းများ

မြန်မာ့ပရိုဘောလုံးလောကကို တစ်ခေတ်ဆန်းစေခဲ့သည့်

ရတနာပုံအသင်း ချန်ပီယံဆုကာကွယ်ရမည့် ၂၀၁၁ AFC President's Cup ပြိုင်ပွဲ

AFC President's Cup ပြိုင်ပွဲဆိုသည်နှင့် မြန်မာ့ပရိုဘောလုံးလောကကို တစ်ခေတ်ဆန်းစေခဲ့သည့် ရတနာပုံအသင်း၏ အောင်ပွဲကို မြန်မာဘောလုံးပရိသတ်များ အမှတ်ရနေကြဦးမည်ဖြစ်သည်။ မြန်မာ့ဘောလုံးပရိုစနစ်ကူးပြောင်းပြီး ပထမဦးဆုံးကျင်းပသည့် ၂၀၀၉ MNL Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရတနာပုံအသင်းမှာ ၂၀၁၀ ခုနှစ်၌ ကျင်းပသည့် AFC President's Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ချန်ပီယံဆုဖလားရယူကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရတနာပုံအသင်း၏ အောင်မြင်မှုသည် အာရှအဆင့် ကလပ် ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိဖူးသည့် မြန်မာအသင်းအဖြစ် ပထမဦးဆုံး မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို့ပြင် အောင်မြင်မှုနှင့် ဝေးကွာနေသည့် မြန်မာ့ဘောလုံးလောကအတွက်လည်း ရတနာပုံအသင်းက ချန်ပီယံအောင်မြင်မှု ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင်

ရတနာပုံအသင်းခေါင်းဆောင် ခင်မောင်ထွန်း။

ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်တင်ကာ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အုပ်စုတွင် ဘူလ်တန်ကလပ် ဒရက်စတားအသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့ပြီး တာဂျစ်ကစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းနှင့် ဂိုးမရှိသရေကျကာ ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် တာ့ခ်မင်နစ္စတန်ကလပ် ဗာဘက်ရှ်ကို တိုက်စစ်မှူး ရန်ပိုင်၊ ကွင်းလယ်လူ အောင်ကျော်မိုးတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင် ခြောက်ကြိမ်ဆက်တိုက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် ကာဂျစ္စတန်ကလပ် ဒိုဒ္ဒိုင်းဒိုင်နမိုအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ကွင်းလယ်ကစားသမား ကိုနေး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၁၁ AFC President's Cup ဘောလုံးပြိုင်ပွဲကို ပါလက်စတိုင်းကလပ် ထပ်တိုးလာသောကြောင့် အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည် ဖြစ်သည်။ လေးသင်း သုံးအုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းစီမှာ နောက်တစ်ဆင့်တက်ခွင့် ရမည်ဖြစ်ကာ သုံးသင်းနှစ်အုပ်စုခွဲကာ ဒုတိယအဆင့် အုပ်စုအဖြစ် ဆက်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီမှာ ဗိုလ်လုပွဲသို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အုပ်စုခွဲဝေထားမှုအရ ရတနာပုံအသင်းသည် အုပ်စု(က)တွင် တာဂျစ်ကစ္စတန်ကလပ် အစ်တီကလိုလ်အသင်း၊ ပါလက်

AFC President's Cup ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်သည့် ရတနာပုံအသင်းအား ၂၀၁၀ ပြိုင်ပွဲတွင် ဗိုလ်စွဲစဉ်က တွေ့ရစဉ်။

စတိုင်းကလပ် မူကာဘာအသင်း၊ ဘူလ်တန်ကလပ် ရိဒ်စင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုနှင့်ပတ်သက်၍ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက မိမိအသင်းမှ အမာခံကစားသမားအချို့ အနားယူသွားပြီးနောက်ပိုင်းတွင် အသင်းမှာ အကောင်းဆုံးပုံစံ မရရှိသေးကြောင်း၊ အထူးသဖြင့် အလယ်တန်းတွင် အောင်ကျော်မိုး မရှိတော့၍ ကွင်းလယ်ပိုင်း သိသိသာသာ အားနည်းသွားကြောင်း၊ ထို့ပြင် အမာခံကစားသမားများ ပွဲပယ်နှင့် ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရ၍လည်း MNL အမှတ်ပေးပြိုင်ပွဲအစတွင် ရလဒ်များ ဆိုးရွားစေခဲ့ကြောင်း၊ ခြောက်ပွဲကစားအပြီးတွင် နိုင်ပွဲမရရှိသေး၍ ကစားသမားများကို စိတ်ဓာတ်တက်စေရန်နှင့် ယုံကြည်မှုရှိလာစေရန် ဆောင်ရွက်ပေးနေကြောင်း၊ အသင်းမှာ အကောင်းဆုံးပုံစံ ပြန်လည်ရရှိရန် ကြိုးစားနေဆဲဖြစ်သလို ယမန်နှစ်က ဗိုလ်စွဲရာတွင်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်

ရတနာပုံအသင်း ပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်း။

အဓိက စွမ်းဆောင်ပေးခဲ့သည့် အဓိကကစားသမားအချို့ မရှိတော့၍ အားနည်းမှုရှိနေသည်ကို မြန်မာဘောလုံးပရိသတ်နှင့် ရတနာပုံအသင်းပရိသတ်များအနေဖြင့် နားလည်ပေးစေလိုကြောင်း။

AFC President's Cup ဘောလုံးပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရခြင်းဖြစ်သည့်အတွက် အတတ်နိုင်ဆုံး ကြိုးစားယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း၊ အုပ်စုတွင် တွေ့မည့်အသင်းသုံးသင်းစလုံးကို လျှော့တွက်၍ မရကြောင်း၊ ကစားသမားများကို နိုင်ချင်စိတ်အပြည့်ဖြင့် ယှဉ်ပြိုင်ပြီး ချန်ပီယံဆု ကာကွယ်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ထို့အတူ MNL အမှတ်ပေးပြိုင်ပွဲတွင် ရမှတ်များ ကွာဟနေပြီဖြစ်သော်လည်း ချန်ပီယံဘွဲ့ကာကွယ်နိုင်ရန် တတ်စွမ်းသလောက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အကယ်၍ ချန်ပီယံဆု မကာကွယ်နိုင်ခဲ့လျှင်လည်း အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရတနာပုံအသင်း၏ အကောင်းဆုံးခြေစွမ်းနှင့် ပုံစံကို ပြန်လည်တွေ့မြင်ရမည်ဟု မိမိကတိပေးပါကြောင်း၊ အသင်းကို အင်အားဖြည့်တင်းမှု များစွာပြုလုပ်ပြီး အပြောင်းအလဲများစွာ ပြုလုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ပြိုင်ပွဲဝင်မည့် ရတနာပုံအသင်းတွင် အုပ်ချုပ်သူအဖြစ် မစ္စတာယိုအန်၊ နည်းပြချုပ်အဖြစ် ဦးကြည်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်တင့်နှင့် ဦးဇော်လေးအောင်၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ထူး၊ ဆေးမှူးအဖြစ် ဦးစိုးလင်း၊ မီဒီယာတာဝန်ခံအဖြစ် ဦးသိန်းသန်းတိုး၊ အားကစားသမားများအဖြစ် ဂိုး-ယဉ်မင်းအောင်၊ ဇော်လင်းအောင်၊ သူရကိုကို၊ ဖြိုးကိုကိုလှိုင်၊ နောက်တန်း-ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဂျီနွန်ဆီယန်၊ ရဲဇော်ထက်အောင်၊ ကျော်ဇေယျာမင်း၊ ချစ်စမ်းမောင်၊ သက်ပိုင်စိုး၊ ဟိန်းသီဟဇော်၊ ရဲဝင်းအောင်၊ အလယ်တန်း-ကိုနေး၊ ပိုင်စိုး၊ အောင်မြင့်အေး၊ ရဲကိုဦး၊ အောင်ချမ်းမိုး၊ အေးမိုး၊ မင်းမင်းထွန်း၊ ရှေ့တန်း-ရန်ပိုင်၊ သက်နိုင်၊ စိုးကျော်ကျော်နှင့် ထူးထူးအောင်တို့ ပါဝင်ကြသည်။

နိုင်ငံတကာအားကစားသတင်းများ

မန်ယူအသင်း ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဝင်ဘလေကွင်းသို့ ချီတက်နိုင်ခဲ့ပြီ

မန်ချက်စတာ မေ ၅

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့၏ ဒုတိယပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်တွင် မန်ယူနှင့် ရှော်ကေးတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူက ဂိုးပြတ်နိုင်ပွဲရပြီး နောက်ဆုံးဗိုလ်လုပွဲကျင်းပမည့် ဝင်ဘလေကွင်းသို့ ချီတက်နိုင်ခဲ့ပြီ ဖြစ်သည်။

မန်ယူ ၄ - ၁ ရှော်ကေး
(နှစ်ကျော့ပေါင်း ၆ - ၁)

မန်ယူအသင်းသည် ပထမအကျော့က လူစာရင်းကို အနည်းငယ်ပြောင်းလဲအသုံးပြုခဲ့သော်လည်း ရှော်ကေးအပေါ် အသာရ၍ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။ မန်ယူအတွက် ဂိုးများကို ပထမပိုင်း ပွဲချိန် ၂၆ မိနစ်တွင် ဗလင်စီယာ၊ ၃၁ မိနစ်တွင် ဂစ်ဘ်ဆင်၊ ၇၂ မိနစ်နှင့် ၇၆ မိနစ်တို့တွင် အန်ဒါဆင်တို့က သွင်းယူခဲ့သည်။ ရှော်ကေးအတွက် တစ်လုံးတည်းသော ဂိုးကို ၃၅ မိနစ်တွင် ဂျူရာဒိုက ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်မန်ယူအသင်းတွင် ဗန်ဒါဆား၊ စမောလင်း၊ ရာဖေးလ်၊ အိုရှီးယား၊ အီဗန်၊ အန်ဒါဆင်၊ နာနီ၊ ပေါလ်စခိုး၊ ဗလင်စီယာ၊ ဂစ်ဘ်ဆင်နှင့် ဘာဘာတော့ဗ်တို့ ပါဝင်ကစားခဲ့ပြီး ဧည့်သည်ရှော်ကေးအသင်းတွင် ချူယာ၊ မက်ဇဲလ်ဒါး၊ အူချီဒါ၊ ဘန်ဂျီဟင်၊ ဂျူရာဒို၊ ရာအူးလ်၊ ဖာဖန် စသည့် အမာခံကစားသမားများ ပါဝင်ခဲ့သည်။

မန်ယူအသင်းသည် ရှော်ကေးကို နှစ်ကျော့ပေါင်း ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ၍ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် မေ ၂၈ ရက် (စနေနေ့)တွင် ဝင်ဘလေကွင်း၌ ဘာစီလိုနာနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

မန်ယူအတွက် အဖွင့်ဂိုးကို ဗလင်စီယာ သွင်းယူစဉ်။

လာမည့်နှစ် ဘောလုံးရာသီတွင် မန်ယူအသင်း၏ လက်မှတ်ဈေးနှုန်းများ တိုးမြှင့်မည်

မန်ချက်စတာ မေ ၅

လာမည့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် မန်ယူအသင်း၏ လက်မှတ်များကို ဈေးနှုန်းတိုးမြှင့်တော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်ဟု သိရသည်။ ထိုကြေညာချက်ကြောင့် မန်ယူပရိသတ်များက ဂလေဇာမိသားစုကို စိတ်ဆိုးဒေါသထွက်၍ မကျေမနပ်ဖြစ်လျက် ရှိနေကြသည်။

မန်ယူအသင်း၏ ထိုထုတ်ပြန်ကြေညာချက်တွင် အိမ်ကွင်းလက်မှတ်များကို တစ်ပွဲလျှင် တစ်ပေါင် တိုးမြှင့်သွားမည်ဟုဆိုသည်။ အသင်းအနေဖြင့် ပေးဆောင်ရမည့်အခွန်မှာ လက်ရှိအချိန်တွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သော်လည်း လာမည့်နှစ်ဘောလုံးရာသီတွင် ၂၀ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် ကွင်းဝင်ကြေးလက်မှတ်များကိုလည်း လိုက်လံတိုးမြှင့်ရပါသည်ဟု အသင်းဘုတ်အဖွဲ့က ပြောသည်။

မန်ယူအသင်းပရိသတ်အနေဖြင့် ပရီမီယာလိဂ် တစ်ရာသီစာ အိမ်ကွင်း ၁၉ ပွဲအတွက် ပေါင် ၉၅၀ ကုန်ကျမည်ဖြစ်သည့်အပြင် အသင်းအနေဖြင့် ပရီမီယာလိဂ် လက်မှတ်များသာမက အက်ဖ်အေဖလားပွဲနှင့် ချန်ပီယံလိဂ်ပွဲ လက်မှတ်များကိုလည်း တိုးမြှင့်သွားမည်ဟု ကြေညာခဲ့သည်။ ပရိသတ်များ၏ အပြစ်တင်ခြင်းကိုခံနေရသည့် မန်ယူဘုတ်အဖွဲ့နှင့် ဂလေဇာမိသားစုက လက်မှတ်ဈေးနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည့် အာဆင်နယ်ကို ပမာပြု၍ တုံ့ပြန်ခဲ့ကြသည်။

အင်တာနက်။

ဆမ်ဆောင်းကုမ္ပဏီက ဒေးဗစ်ဘက်ခမ်းအား သံတမန်အဖြစ် ခန့်အပ်စဉ်။

ဖာဘရီဂက်စ်ကို ဘာစီနှင့်အပြိုင် ရီးယဲလ်မက်ဒရစ် ခေါ်ယူမည်

မက်ဒရစ် မေ ၅

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်ကို ဘာစီလိုနာအသင်းနှင့် အပြိုင် ဈေးပြိုင်ပေး၍ ခေါ်ယူမည်ဟု ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရစ်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းအနေဖြင့် ဖာဘရီဂက်စ်ကို ခေါ်ယူရန် အဓိကပစ်မှတ်ထားနေသကဲ့သို့ ချယ်လ်ဆီးကလည်း ကမ်းလှမ်းလာဖွယ်ရှိနေသည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အနေဖြင့် ဖာဘရီဂက်စ်ကို ခေါ်ယူရန်ကြိုးပမ်းမှုတွင် ပြိုင်ဘက်များလာဖွယ်ရှိနေသည်။

ထိုသို့ အသင်းကြီးများက အပြိုင်ကြိုးပမ်းလာမည်ဆိုပါက ၎င်းအတွက် သတ်မှတ်ထားသည့် ပေါင် ၃၅ သန်းဆိုသည်မှာလည်း ထို့ထက်မက မြင့်တက်လာဖွယ်ရှိနေသည်။ ရာသီအကုန်တွင် အာဆင်နယ်အသင်းမှ ထွက်ခွာရန် သဘောသလောက်ရှိနေသည့် ဖာဘရီဂက်စ်ကို စပိန်မြေမှ နူးကမ့်နှင့် ဘာနေဗျူးတို့က တံခါးဖွင့်ထားသကဲ့သို့ အင်္ဂလန်မြေမှ စတမ်းဖို့ဒ်ဘရက်ချ်ကလည်း အဆင်သင့် စောင့်ကြိုနေမည်ဖြစ်သည်။ ***အင်တာနက်။***



ပစ်မှတ်ဖြစ်လာ

ရီးယဲလ်မက်ဒရစ်အသင်း၏ ပစ်မှတ်ဖြစ်လာပြန်သည့် ဖာဘရီဂက်စ်။

ဆမ်ဆောင်းကုမ္ပဏီက ဒေးဗစ်ဘက်ခမ်းအား သံတမန်အဖြစ် ခန့်အပ်

လန်ဒန် မေ ၅

ဆမ်ဆောင်းကုမ္ပဏီသည် LA ဂလက်ဆီအသင်းနှင့် အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းအား ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် သံတမန်အဖြစ် ခန့်အပ်သည့် လက်မှတ်ရေးထိုးပွဲကို ကျင်းပခဲ့သည်။

ဆမ်ဆောင်းကုမ္ပဏီ၏ သံတမန်အသစ်ဖြစ်လာသည့် ဒေးဗစ်ဘက်ခမ်းသည် ကုမ္ပဏီ၏ စပွန်ဆာနှင့် ပတ်သက်၍ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းနှင့် ဆမ်ဆောင်းကုမ္ပဏီတို့၏ အဆိုပါ သံတမန်ခန့်အပ်သည့် လက်မှတ်ရေးထိုးပွဲကို လန်ဒန်မြို့ရှိ The Savoy ဟိုတယ်၌ ကျင်းပခဲ့သည်။ ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲကြီးတွင် ကမ္ဘာကျော်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဆမ်ဆောင်းကုမ္ပဏီနှင့်တွဲဖက်၍ အလုပ်လုပ်ရမည်မှာ ဝမ်းသာပျော်ရွှင်ဖွယ်ကောင်းသကဲ့သို့ စိတ်လှုပ်ရှားစရာများကိုလည်း ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဒေးဗစ်ဘက်ခမ်းက ဆိုသည်။

အင်တာနက်။

ဟန်သစ်

ELECTRONICS & LIVING EXPO မေလ(၁၃)မှ(၁၆)ရက်၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့၊
နှင့်အတူ Vietnam Product Show (ဗီယက်နမ် ထုတ်ကုန်ပစ္စည်းများ ပြပွဲကြီး) ကို ထူးခြားစွာ ပါဝင်ပြသသွားမည်
ပြပွဲကြီးတွင် ပြခန်းများ ငှားလိုသူများ ဆက်သွယ်ရန် Smart Business Group- (Ph) 01-527583, 09-73014777

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

လားရှိုးမြို့၊ ပုဂံလမ်း၊ အမှတ်(၁၂)နေ
ဒေါ်ကြူ၏မြေး
တောင်ကြီးမြို့၊ ဇောတိကလမ်း၊ အမှတ်(၂၃၂)နေ
ဦးကျော်မိုး-ဒေါ်မြမြချို(ကောင်းမြတ်-ကော်ဇော၊ ဖယောင်းပုဆိုး၊ မိုးကာ)တို့၏
တစ်ဦးတည်းသောသား၊ မဆင့်ဆင့်မိုး၏ မောင်

မောင်ကောင်းမြတ်မိုး @ Ku Ku
Bachelor of Banking and Finance
(Victoria University,Australia)

နှင့်

တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ ပင်လုံလမ်းနေ
ဒေါ်မိုင်ခမ်း၊ (ဦးကျော်ထွန်း)-ဒေါ်ရင်ရင်၏မြေး
ဦးစိုင်းအိုက်ထွန်း-ဒေါ်သင်းသင်း(နမ့်ခေးမောဝ်လျှပ်စစ်ပစ္စည်း)
တို့၏ဒုတိယသမီး

Dr. နန်းခိုင်ဇာလင်း @ Dolly
B.D.S (Mdy)

တို့၏ မင်္ဂလာဦးအတွက် မင်္ဂလာလက်ဖွဲ့ကို ကိုယ်တိုင်ချီးမြှင့်ပေးခဲ့ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီတို့အား ဂါရဝရှေ့ထား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ ၂၀-၄-၂၀၁၁ရက် (ဗုဒ္ဓဟူးနေ့) ဟုတ်ကြန့်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာဧည့်ခံပွဲ၌ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲပုဂ္ဂိုလ်များ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ မိတ်ဆွေသင်္ဂဟ အပေါင်းအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးသော အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြထွန်းဦးနှင့် ဇနီး ဒေါ်သက်သက်အောင်တို့အားလည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မယုယုမော်(ရန်ကုန်)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်ကျော်ကျော်၊ ပန်းအလှဆင်ဖန်တီးပေးပါသောကိုတိုး (ဘကြီးတိုး)နှင့်အဖွဲ့၊ မင်္ဂလာစားသောက်ဖွယ်ရာများကို စီမံပေးပါသော Classic Restaurant၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဘုန်း၊ ၂၀-၄-၂၀၁၁ရက် နံနက်ခင်း၌ နေအိမ်တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၂-၄-၂၀၁၁ရက် ညပိုင်းတွင် မဟာယာနဘုံကျောင်း၌ ပြုလုပ်ကျင်းပသော ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဟုတ်ကြန့်ဘုံကျောင်းလူကြီးများ၊ မဟာယာနဘုံကျောင်းလူကြီးများ၊ Yoga အဖွဲ့ဝင်များ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းမြတ်မိုး-Dr.နန်းခိုင်ဇာလင်း



ကျေးဇူးဆပ်ပါမည်

ကျွန်တော် မင်းမောင်မောင်၏ Passport-874173 ပျောက်ဆုံးသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉ ၅၀၆၀၉၈၂

ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း
ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မိုးစွေလမ်း၊ အမှတ်(၅၀/၁)နေ
ဦးမောင်မောင်တင့် (MD.Tun Hla Kyi Company Ltd.)-
ဒေါ်ညွန့်ညွန့်ရွှေ (Director Tun Hla Kyi Company Ltd.)
တို့၏ သားကြီး

မောင်ကျော်ဇေလတ် B.Sc (Geology)
Dip, In Maritime Law(Y.U)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၅၆)နေ
ဦးမြင့်သိန်း (မြောက်ပိုင်းခရိုင်၊ မထသ၊ ဌာနခွဲ-၁)-ဒေါ်ခင်သီတာတို့၏ သမီးကြီး

မနှင်းဝေဦး B.Sc (Geology),(Hons;),
M.Sc (Engineering Geology),
Dip,In Maritime Law(Y.U)

တို့၏ ၁-၅-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် Western Park Royal ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ခေတ်ဆန်းစကြာ ရွှေရည်စိန်ဆိုင် (ဗိုလ်ချုပ်ဈေး)မှ ကိုဟိန်းနှင့် ဇနီး မကြူကြူလွင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးဘသန်း(ငြိမ်း)၊ ရန်ကုန်မြို့တော်ဘဏ်လီမိတက်နှင့် ဇနီး ဒေါ်ဖြူညွန့်သိန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများ ဖျော်ဖြေပေးသော Spectrum တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မရှင်းသန့်မြတ်နိုးစံ၊ မင်္ဂလာစံပယ်ပန်းကုံးဗန်း ကိုင်ပေးသော မသဥ္ဇာငြိမ်းအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသရဖီဦး၊ သတို့သားအရံ မောင်ဇေဇေအောင်၊ မောင်သန့်ဇင်အောင်၊ သတို့သမီးအရံ မအလိမ္မာတိုး၊ မဆောင်းသဥ္ဇာသွယ်၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော ဦးသန်းထွန်း-ဒေါ်နွဲ့နွဲ့အုန်း(အုန်းသစ္စာ ပိုးထည်နှင့်အထည်စက်ရုံ၊ အမရပူရ)၊ သတို့သမီးဝတ်စုံ ဒေါ်လာမြင့်အောင်(ဗိုလ်ချုပ်ဈေး)၊ သတို့သားဝတ်စုံနှင့် အရံဝတ်စုံ ကိုစိုး(ဟောင်ကောင်)၊ မိတ်ကပ် ခင်မောင်အေးနှင့်အဖွဲ့၊ မိတ်ကပ်ကျော်ကျော်၊ မိတ်ကပ်ကြိုးကြာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ဖြိုးမိုးသိမ်၊ အေးဇော်မိုး(စက်မှု)နှင့်အဖွဲ့တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် Western Park Royal မှ တာဝန်ခံ မန်နေဂျာ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေလတ်-မနှင်းဝေဦး

Nay Pyi Taw Expo' 2011 ပြပွဲတွင် နေအိမ်သုံးပစ္စည်းများ ပါဝင်ပြသရောင်းချ

နေပြည်တော် မေ ၅

နေပြည်တော် မြန်မာအင်တာနေရှင်နယ် ကွန်ဗင်းရှင်းစင်တာတွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိသော Nay Pyi Taw Expo' 2011 ပြပွဲတွင် NtRay Co., ၏ Casabella One Stop Home Furnishing Center သည် ပြပွဲခန်းအမှတ် (အေ-၈၃ မှ ၁၀၂)၌ ကမ္ဘာ့နာမည်ကြီး တံဆိပ်များဖြစ်သော LORENZO Leather ဆိုဖာများ၊ Dining Furnitureများ၊ DUNLOPILLO မွေ့ရာမျိုးစုံ၊ OSIM Healthy Lifestyle အလှအပနှင့် ကျန်းမာရေးပစ္စည်းများ၊ Germany နိုင်ငံလုပ် KETTLER အမှတ်တံဆိပ် အားကစားလေ့ကျင့်ခန်းပစ္စည်းများ၊ ခေတ်မီရိုးစားပွဲနှင့် ထိုင်ခုံများ၊ Aussino အမှတ်တံဆိပ် နောက်ဆုံးပေါ် အိပ်ရာခင်းနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများ၊ Designer ခန်းဆီး လိုက်ကာ၊ ကော်ဇောနှင့် Wall-paper များ အစရှိသော ပစ္စည်းများကို ရောင်းချလျက်ရှိရာ ဖုန်း-၀၉-၅၁၁၈၁၆၃နှင့် ၀၉-၅၀၀၀၆၆၅တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

Nay Pyi Taw Expo' 2011 ပြပွဲတွင် Casabella One Stop Home Furnishing Center ပြခန်းကို တွေ့ရစဉ်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ ဒို့တာဝန် အရေး(၃)ပါး
၈း၁၃ ၁၁။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မဟာဂီတချိုကြည်မြ
၄း၃၀ ၅။ ဇာတ်လမ်းတို
၄း၃၅ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၅ ၈။ အိုင်စီတီသုတ
၅း၀၀ ၉။ သတိနှင့်တိုးမည့် ပိုးဖလံများ
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့်တောတွင်း တိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၉)
၆း၀၀ ၁၂။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေး တေးကဗျာ
၆း၃၀ ၁၄။ "ရွှာ"ဟာသ ဇာတ်လမ်းတွဲ
၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ဒို့တာဝန် အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ စိုက်ပျိုးသုတ
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ မြဝတီ ရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၁)**
၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား ကျင်းပ

မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သရုပ်ပြ

မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်ထက်မြက်ရေး ပြည်ထောင်စုဝန်ကြီး မှာကြား

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား၊ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သရုပ်ပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ရဲသူရိန်ဆုတံဆိပ်ရရှိသူအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၀ ခုနှစ် မေ ၂၄ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး မီးလောင်မှုဖြစ်ပွားရာတွင် အသက်ကိုပဓာနမထားဘဲ မီးငြိမ်းသတ်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုကြောင့် ရဲသူရိန်ဆုတံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးနှင့် ရဲကျော်စွာဆုတံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုအသိုက်အဝန်း လုံခြုံရေးနှင့် ဘေးအန္တရာယ်ကျရောက်နိုင်မှု လျှော့ချရေးတို့တွင် မီးသတ်တပ်ဖွဲ့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ ဘေးအမျိုးမျိုး၏ စိန်ခေါ်မှုကြီးမားလာသည်နှင့်အမျှ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ထက်မြက်ရေးသည်လည်း ယခင်နှင့်မတူဘဲ ပိုမိုအရေးကြီးလာကြောင်း၊ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် လက်ရှိစိန်ခေါ်မှုများသာမက အနာဂတ်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက်လည်း "မိမိတို့တွင် အမြဲတာဝန်ရှိသည်" ဟူသောစိတ်ဓာတ်ကို ခံယူကျင့်သုံးလျက်လူသားများ၊ ပစ္စည်းများသာမက သက်ရှိသတ္တဝါမှန်သမျှ ပျက်စီးဆုံးရှုံးမှု နည်းပါးသက်သာစေရေးအတွက် ယခင်ကထက် ပိုမိုထိရောက်စွာ တားဆီးကာကွယ်ကယ်ဆယ်နိုင်ရန် သန္နိဋ္ဌာန်စိတ်ထား စီမံဆောင်ရွက်သွားကြရန်၊ မိမိတို့တာဝန်ယူရသည့် နေရာဒေသအတွင်း ဖြစ်ပေါ်လာသည့်ဘေးရန်များကို ဘေးအန္တရာယ် အဖြစ်သို့

စာမျက်နှာ ၈ ကော်လံ ၁ သို့

စွမ်း အင် နည်း ပ ညာ အင် တာ နက် သ တင်း



အစ္စရေးနိုင်ငံရှိ Solaris Synergy ကုမ္ပဏီ အင်ဂျင်နီယာများက ရေမျက်နှာပြင်ပေါ်၌ တပ်ဆင်ထားနိုင်သော ဆိုလာပြားများကို သုတေသန ပြုလျက်ရှိစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေမျက်နှာပြင်ပေါ်၌ တပ်ဆင်နိုင်သော ဆိုလာပြားများ ဈေးကွက်သို့ တင်ပို့ရန် အစ္စရေးကုမ္ပဏီများ ပြင်ဆင်

ဂျေရုဆလင် မေ ၅

ဘာသာပြန် - ရေမောင်

အစ္စရေးနိုင်ငံရှိ စွမ်းအင်နည်းပညာ ကုမ္ပဏီများသည် ရေမျက်နှာပြင်ပေါ်၌ တပ်ဆင်ထားနိုင်သော ဆိုလာပြားများကို အနာဂတ်ကာလတွင် ဈေးကွက်တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိကြကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

မှတ်သားဖွယ်ရာမိုးရေချိန်များ (၅-၅-၂၀၁၁)

အရာတော်	၅ ဒသမ ၁၅ လက်မ	နွားထိုးကြီး	၂ ဒသမ ၈၅ လက်မ
အုတ်ဖို	၃ ဒသမ ၁၁ လက်မ	မြင်းခြံ	၂ ဒသမ ၆၇ လက်မ
ညောင်ဦး	၂ ဒသမ ၉၉ လက်မ	ဝမ်းတွင်း	၁ ဒသမ ၈၈ လက်မ